# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလွန်ကဲဆုံးချမ်းသာ**

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၂၉၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံအတွက် ပညာရှင်လူငယ်များ လိုအပ်ပြီး ၎င်းတို့အနေဖြင့် နိုင်ငံအတွက် လူမှန်နေရာမှန် တာဝန်ထမ်းဆောင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✪

## ယနေ့ ဖတ်စရာ


ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဒေသခံပြည်သူများ ဆေးဝါးပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် ဆေးဝါးတိုက်ရိုက်ရောင်းချ — ပြည်တွင်းသတင်း စာ ၄

ရလဒ်အခြေပြု ဆေးပညာသင်ကြားရေးမှသည် အရည်အသွေးပြည့်ဝသော ကျန်းမာရေးလုပ်စွမ်းအားအရင်းအမြစ်များဆီသို့ — ဆောင်းပါး စာ ၁၀

ရေကြောင်းလုံခြုံရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် Quad နိုင်ငံခြားရေးဝန်ကြီးများ သဘောတူ — နိုင်ငံတကာသတင်း စာ ၁၃

## ◆ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်၊ ယင်းလုပ်ငန်းများကိုအခြေခံ၍ နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်း၏ လူမှုဘဝများဖွံ့ဖြိုးရေးကို အမှန်တကယ်ဆောင်ရွက်နိုင်မည်ဖြစ်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များလည်း လိုအပ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ပညာတတ်များ မွေးထုတ်ပေးရန်လို

❂ *ရွှေဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မိမိတို့အစိုးရအနေဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုနှင့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များဆောင်ရွက်မှုများနှင့် ပတ်သက်၍ပြောကြားသွားမည်ဖြစ်ကြောင်း။

### နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး

အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူများ စီးပွားရေးတိုးတက်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံများရှိအစိုးရများအနေဖြင့် ပြည်သူများ၏ စီးပွားရေးတိုးတက်မှုကို လိုလားကြသဖြင့် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့်လည်း နိုင်ငံ့စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရာတွင်လည်း စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးများလည်း ပါဝင်ကြောင်း။

ပြီးခဲ့သည့် ဧပြီ၊ မေ၊ ဇွန် သုံးလအတွင်း ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်ခဲ့မှုများရှိခဲ့သကဲ့သို့ နယ်စပ်ဒေသမှလည်း ကုန်သွယ်မှုများဆောင်ရွက်ခဲ့ပြီး ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာရှိခဲ့ကြောင်း၊ သို့သော် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများရှိနေသည်ကိုလည်း နေ့စဉ်သိရှိနေရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ၏စီးပွားရေးကို ထိခိုက်စေလျက်ရှိခြင်းကြောင့် ကုန်သွယ်မှုနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ လမ်းခရီး၌ မလိုလားအပ်သည့် ကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်နိုင်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကို အဟန့်အတားဖြစ်စေမည့် လုပ်ဆောင်မှုများမရှိအောင် တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း။

ကုန်သွယ်မှုများ ဆောင်ရွက်ရန်အတွက် ထုတ်ကုန်ပစ္စည်းများ ရှိရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်စေရေးအတွက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက ပြည်တွင်း ဆန်ဖူလုံမှုကိုသာမက ပြည်ပပို့ကုန်များကိုလည်း ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

### ကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မှသာလျှင် ကုန်ပစ္စည်းများ များစွာရရှိမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကိုလည်း ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဆီထွက်သီးနှံတွင် မြေပဲနှင့်နှမ်းတို့ကို ရိုးရာမုန့်ပဲသရေစာအနေဖြင့်လည်း စားသုံးသကဲ့သို့ပြည်ပသို့ကုန်ကြမ်းများအတိုင်း တင်ပို့ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မြေပဲ၊ နှမ်းတို့အပြင် အခြားဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ ပဲပုပ်၊ ဆီအုန်းတို့ကိုလည်း အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာဟင်းလျာတွင် မပါမဖြစ် သီးနှံများဖြစ်သည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်၊ အာလူး စသည့် အခြေခံစားကုန်သီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း အဓိကစားသုံးသည့် အသားများဖြစ်သည့် ကြက်၊ ဝက်၊ ဆိတ်နှင့် နွားများကိုလည်း စနစ်တကျဖြင့် ကျွေးမွေးခြင်း၊ ခြံလှောင်မွေးမြူဆောင်ရွက်သွားပါက အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ အထွက်နှုန်းများ တိုးတက်စေရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းလေးသွယ်ဖြင့်ဆောင်ရွက်ရန်နှင့် ဒေသန္တရမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြားနိုင်ငံများမှ လုပ်ဆောင်လျက်ရှိသည့် အထွက်နှုန်းတိုးစေမည့် နည်းလမ်းများကိုလည်း အတုယူဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကိုအခြေခံ၍ နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်း၏ လူမှုဘဝများဖွံ့ဖြိုးရေးကို အမှန်တကယ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များလည်း လိုအပ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ပညာတတ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ အနည်းဆုံး အလယ်တန်းအဆင့်တတ်မြောက်ရန် လိုအပ်သဖြင့် KG+9 အထိ မဖြစ်မနေ တက်ရောက်ရန် ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဆက်လက်တက်ရောက် ပညာသင်ကြားနိုင်ကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်စွာအောင်မြင်မည်ဆိုပါက တက္ကသိုလ်၊ ကောလိပ်များသို့ဆက်လက်တက်ရောက်နိုင်ကြောင်း၊ နိုင်ငံအတွက်ပညာရှင်များစွာ လိုအပ်လျက်ရှိနေသေးကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်၍ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် တိုးတက်လျက်ရှိသည်ကိုလည်း တွေ့ရကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် SME လုပ်ငန်းများကို ကဏ္ဍများစွာ၌ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စားသောက်ကုန်များကိုသာမက အခြားလူသုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

### ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်အောင်ကြိုးပမ်း

ဝါစိုက်ပျိုးရေးနှင့် ပတ်သက်၍ ပြည်တွင်းမှ ထွက်ရှိသည့် ဝါဂွမ်းကို ပြည်ပသို့ တင်ပို့မှုမပြုဘဲ ပြည်တွင်း၌အဆင့်မြင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ဝါမှဝါဂွမ်း၊ လင်တာဂွမ်း၊ ဝါစေ့မှ ဝါစေ့ဆီကိုထုတ်လုပ်နိုင်ပြီး ဝါစေ့ကြိတ်ဖတ်များကို တိရစ္ဆာန်အစာအဖြစ် ထုတ်လုပ်နိုင်သဖြင့် များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ ဝါဂွမ်းမှ အဆင့်မီသည့် ချည်များကို ထုတ်လုပ်နိုင်ပြီး ထိုမှတစ်ဆင့် ချည်ထည်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဝါကိုအခြေခံသည့် ချည်ထည်စက်မှုလုပ်ငန်းကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဝါကိုအဓိကစိုက်ပျိုးကြသဖြင့် အဆိုပါတိုင်းဒေသကြီးများမှထွက်ရှိသည့်ဝါကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်ပြီး ဝါဂွမ်းရောင်းချသည့်အဆင့်မှ အဆင့်မီသည့် ချည်နှင့် ချည်ပိတ်များကို ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဝါစိုက်ပျိုးမှုမှရရှိသည့် အကျိုးကျေးဇူးမှာ များစွာကြီးမားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အဆိုပါဒေသကြီးများအနေဖြင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာရရှိလာမည်ဖြစ်ကြောင်း။

ရေထွက်ပစ္စည်းများသည် မိမိတို့နိုင်ငံအတွက် အထိုက်အလျောက်ဝင်ငွေရရှိကြောင်း၊ မွေးမြူခြင်းနှင့် ဖမ်းဆီးခြင်း နှစ်ခုရှိပြီး ရေထွက်ပစ္စည်းများမှ ဝင်ငွေများ ပိုမိုရရှိအောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေသယံဇာတ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

### ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်

ယခုနှစ်ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ ၇၀ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ၉၂ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိကြောင်း၊ ဖွင့်လှစ်ထားသည့်ကျောင်းများ ဆက်လက်ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း အချိန်ပိုများသင်ကြားပေးပြီး ကလေးငယ်များ အမှန်တကယ် စာတတ်မြောက်စေရေး သင်ကြားပေးရန်လိုကြောင်း။

မိမိတို့နိုင်ငံသားအများစုသည် ဝင်ငွေအလယ်အလတ်တန်းရှိသူများနှင့် ဝင်ငွေနည်းကြသူများဖြစ်ကြကြောင်း၊ အစိုးရကျောင်းများ၌ ပညာသင်ကြားနေကြသူ အများအပြားရှိကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ သင်ကြားရေးတာဝန်ယူထားရသူများအနေဖြင့် အတန်းအောင်ရန်အဓိကမဟုတ်ဘဲ ပညာတတ်အောင် သင်ကြားပေးရန်လိုကြောင်း၊ ဆရာ၊ ဆရာမများကို ခန့်အပ်တာဝန်ပေးအပ်ရာတွင် လိုအပ်သည့် သင်တန်းများကို ပြီးမြောက်ပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ဒေသအလိုက် တာဝန်ထမ်းဆောင်နေကြသည့် သင်ကြားရေးဆိုင်ရာ ဝန်ထမ်းများ၏ အခြေခံလိုအပ်ချက်များကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ အားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ပြင် ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားရေးတာဝန်များကို လုံခြုံအေးချမ်းစွာဖြင့် ထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုကြောင်း၊ အစိုးရအနေဖြင့်လည်း ပညာရေးဝန်ထမ်းများအား ရသင့်ရထိုက်သည့် အခွင့်အရေးများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့တာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ ကလေးငယ်များကို အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း။

*စာမျက်နှာ ၄ သို့*

❑ ယခုနှစ်ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ ၇၀ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ၉၂ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိ

❑ ဖွင့်လှစ်ထားသည့် ကျောင်းများ ဆက်လက်ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်သွားရန်လို

❑ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း အချိန်ပိုများသင်ကြားပေးပြီး ကလေးငယ်များ အမှန်တကယ် စာတတ်မြောက်စေရေး သင်ကြားပေးရန်လို

*စာမျက်နှာ ၃ မှ*

**❍ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုကို အသိအမှတ်ပြုသောအားဖြင့် လစာအပြင် ထောက်ပံ့ကြေးများကိုလည်း တိုးမြှင့်ခံစားစေလျက်ရှိ၊ အငြိမ်းစားဝန်ထမ်းများကိုပါ ထောက်ပံ့ကြေးတိုးမြှင့်ပေးမည်၊ နိုင်ငံ့ဝန်ထမ်းခန့်အပ်မှုများနှင့် ပတ်သက်၍လည်း လိုအပ်သည့်အင်အားကိုသာ စိစစ်ခန့်အပ်ဆောင်ရွက်သွားရန်လို၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေးဝန်ထမ်းများကို မဖြစ်မနေခန့်အပ်သွားရန် မှာကြားထားပြီးဖြစ်၊ ပညာရေးနှင့်ပတ်သက်၍ ပညာရေးဝန်ထမ်းများကို ပြည့်မီစွာခန့်အပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ သင်ကြားရေးဆိုင်ရာ အဆောက်အဦများကိုလည်း လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**

တစ်ဆက်တည်းပြောရမည်ဆိုပါက ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုကို အသိအမှတ်ပြုသောအားဖြင့် လစာအပြင် ထောက်ပံ့ကြေးများကိုလည်း တိုးမြှင့်ခံစားစေလျက်ရှိကြောင်း၊ အငြိမ်းစားဝန်ထမ်းများကိုပါ ထောက်ပံ့ကြေး တိုးမြှင့်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းခန့်အပ်မှုများနှင့် ပတ်သက်၍လည်း လိုအပ်သည့်အင်အားကိုသာ စိစစ်ခန့်အပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး ဝန်ထမ်းများကို မဖြစ်မနေခန့်အပ်သွားရန် မှာကြားထားပြီးဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ပညာရေးဝန်ထမ်းများကို ပြည့်မီစွာခန့်အပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ သင်ကြားရေးဆိုင်ရာ အဆောက်အဦများကိုလည်း လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ကျန်းမာရေးနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**

ကျန်းမာရေးပိုင်းနှင့်ပတ်သက်၍ မိမိတို့စတင်တာဝန်ယူစဉ်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့်အခက်အခဲ၊ အကျပ်အတည်းများကို ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ကျန်းမာရေးပိုင်းတွင် ဝန်ထမ်းများပြည့်မီစွာ ခန့်အပ်နိုင်ရေးနှင့် ဆေးပစ္စည်းများပြည့်စုံမှုရှိစေရေး မိမိတို့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ်အတွင်း အထူးရန်ပုံငွေမှ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးရုံအဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **"ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်"**၊ **"လူ့အသက်ထက်အရေးကြီးသည်မှာ ဘာမှမရှိ"**၊ **"ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်"** စသည့်မူဝါဒများဖြင့် ကျန်းမာရေးပိုင်းကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**တရားဥပဒေစိုးမိုးရေး**

တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ထိန်းသိမ်းကြပ်မတ်ရန်တာဝန်ရှိသူများအနေဖြင့် ကြပ်ကြပ်မတ်မတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မှုခင်းလျော့နည်းကျဆင်းရေးအတွက် လိုအပ်သည့်အသိပညာပေးမှုများကိုလည်း ဖိဖိစီးစီးဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့တာဝန်ယူထားသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်၊ အမှန်တကယ် အလုပ်လုပ်ကြရန်လိုကြောင်း၊ အမှုအခင်းများဖြစ်ပွားမှုအများစုမှာ အသိပညာအားနည်းခြင်းနှင့် ငွေကြေးအခက်အခဲများကို မမှန်ကန်သည့်နည်းလမ်းများဖြင့် ဖြေရှင်းနိုင်ရန် ကြိုးပမ်းခြင်းတို့ကြောင့် ဖြစ်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် အမှုအခင်းဖြစ်ပွားမှု များပြားသည့်ဒေသများ၌ ဥပဒေပိုင်းဆိုင်ရာ အသိပညာပေးမှုများ၊ ထိန်းသိမ်းကြပ်မတ်မှုများကို ထိထိမိမိဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဒေသတွင်း၌ ဘေးကင်းလုံခြုံစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ အခြေခံဥပဒေဆိုင်ရာ အသိအမြင်များရရှိစေရေး ပညာပေးမှုများနှင့် ထိန်းကျောင်းမှုများကို ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အထူးသဖြင့် KG+ 11 နှင့် KG+12 ကျောင်းသား၊ ကျောင်းသူများအား ဥပဒေဆိုင်ရာအခြေခံများကို သိရှိနိုင်ရေးအတွက်လည်း ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသွားမည်ဆိုပါက မှုခင်းဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာအောင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှု**

အထွေထွေပိုင်းနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် အထက်အောက်ဆက်ဆံရေးကောင်းမွန်ရန်နှင့် မိမိတို့တာဝန်ယူထားရသည့် လုပ်ငန်းရပ်များအလိုက် တာဝန်ကိုကျေပွန်အောင် ကြည်သာရွှင်ပျစွာဖြင့် ထမ်းဆောင်နိုင်ရေး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် အကြီးအကဲများအနေဖြင့်လည်း ဝန်ထမ်းများအား ကိုယ်ချင်းစာတရားဖြင့် သာတူညီမျှ အုပ်ချုပ်ကြရန်လိုပြီး သက်ဆိုင်ရာဌာနများအလိုက် တာဝန်ထမ်းဆောင်မှုများ ကျေပွန်အောင် ထမ်းဆောင်နိုင်ရန်နှင့် ဌာနအတွင်းမျှတမှုများရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများနှင့် အမြဲမပြတ်ထိတွေ့ဆက်ဆံကာ ၎င်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ကိုယ်ရေးကိုယ်တာအခက်အခဲများကို သိရှိအောင်ဆောင်ရွက်ပြီး တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများ၏ အရည်အသွေးများကိုလည်း မြှင့်တင်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ စည်းကမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည့်ကွပ်ကဲကြပ်မတ်မှုများလည်း ရှိရမည်ဖြစ်ကြောင်း။

**ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲနှင့် အမျိုးသားအားကစားပွဲတော်ကို အနှစ်သာရရှိစွာဖြင့် ကျင်းပပြုလုပ်သွားမည်**

လာမည့် အောက်တိုဘာလတွင် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီဇင်ဘာလတွင် အမျိုးသားအားကစားပြိုင်ပွဲကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အခမ်းအနားကျင်းပသည်ဆိုသည်ထက် အနှစ်သာရရှိသည့် ယှဉ်ပြိုင်မှုအရည်အသွေးကို ဖော်ပြနိုင်ရန်ဖြစ်ကြောင်း၊ ပြိုင်ပွဲများ ကျင်းပရာတွင် ညီညွတ်မျှတသည့်ယှဉ်ပြိုင်မှုဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲသည် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းရန်နှင့် အမျိုးသားရေးစရိုက်လက္ခဏာကို ဖော်ကျူးရန်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အမျိုးသားအားကစားပြိုင်ပွဲကျင်းပရာတွင်လည်း ခမ်းနားထည်ဝါမှုထက် အရည်အသွေးရှိပြီး အဆင့်အတန်းရှိရှိဖြင့် ယှဉ်ပြိုင်ကစားနိုင်သော အားကစားပြိုင်ပွဲဖြစ်စေလိုကြောင်း၊ အဆိုပါပြိုင်ပွဲနှစ်ခုလုံး၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များအနေဖြင့် အဆင့်အတန်းရှိရှိဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ တရားမျှတသည့်ယှဉ်ပြိုင်မှုဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ခေတ်အဆက်ဆက်၌ အစိုးရများအနေဖြင့် စီးပွားရေးစနစ်အမျိုးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရကြောင်း၊ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဈေးကွက်စီးပွားရေးစနစ်တွင် အစိုးရကပါဝင်ဆောင်ရွက်နိုင်သည့်လုပ်ငန်းနှင့် အစိုးရကပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းများရှိကြောင်း၊ ယင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် သမဝါယမစနစ်သည် သင့်လျော်သည့် စနစ်တစ်ခုဖြစ်ကြောင်း။

ထို့ကြောင့် သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို မျိုး၊ မြေ၊ ရေ၊ နည်း လေးချက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ဆောင်ရွက်သွားစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် အရင်းအနှီး၊ နည်းပညာနှင့် အခြားလိုအပ်သည်များကို ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ အရည်အသွေးပြည့်မီသည့် စားသောက်ကုန်များ ထုတ်လုပ်လျက်ရှိသကဲ့သို့ အရည်အသွေးပြည့်မီသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာအောင်မြင်ပြီးမြောက်သူများသည် မိမိတို့ သင်ကြားတတ်မြောက်ခဲ့သည့် ပညာရပ်များကို ၎င်းနယ်ပယ်၌သာ ပြန်လည်အသုံးချရန် လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် ဆေးပညာ၊ နည်းပညာ၊ ကွန်ပျူတာ၊ စီးပွားရေးနှင့် ဥပဒေဆိုင်ရာပညာရှင်များစွာ လိုအပ်သည့်အတွက် သက်ဆိုင်ရာကျောင်းများနှင့် တက္ကသိုလ်များက သင်ကြားမွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံအတွက် ပညာရှင်လူငယ်များ လိုအပ်ပြီး ၎င်းတို့အနေဖြင့် နိုင်ငံအတွက် လူမှန်နေရာမှန် တာဝန်ထမ်းဆောင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် အဆောက်အဦဆိုင်ရာ လိုအပ်ချက်များရှိကြောင်း၊ ထို့အတူ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်လည်း တပ်ဖွဲ့ဝင်များအတွက် ဝန်ထမ်းအိမ်ရာများ လိုအပ်ချက်ရှိကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ၎င်းတို့တာဝန်ထမ်းဆောင်ရာ ဧရိယာအတွင်း၌ ဝန်ထမ်းအိမ်ရာများ မဖြစ်မနေဆောက်လုပ်ပေးရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နိုင်ငံတော်နှင့် ပတ်သက်၍ အကြောင်းကိစ္စရပ်များရှိပါက အချိန်မီတင်ပြကြရန်နှင့် မူဝါဒနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဒေသခံပြည်သူများ ဆေးဝါးပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် ဆေးဝါးတိုက်ရိုက်ရောင်းချ

**ပဲခူး ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆေးဝါးတိုက်ရိုက်ရောင်းချပွဲကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ပဲခူးမြို့ သီရိဥသျှာ ဈေးရုံကြီးအပေါ်ထပ်၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ အိမ်သုံးဆေးဝါးများ တိုက်ရိုက်ရောင်းချနေသည့် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးပြီး ဈေးကွက်အတွင်း ဆေးဝါးပြတ်လပ်မှုမရှိစေရေး၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချနိုင်ရေး၊ ဆေးဝါးများအား စီးပွားရေးအကျိုးတစ်ခုအလို့ငှာ သိုလှောင်သိမ်းဆည်းထားခြင်း မရှိစေရေး၊ အရည်အသွေးပြည့်မီသည့်ဆေးဝါးများ ရောင်းချနိုင်ရေးနှင့် လက်လီအဆင့်ထိ တိုက်ရိုက်ရောင်းချနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။ (ယာပုံ)

အဆိုပါ ဆေးဝါးတိုက်ရိုက်ရောင်းချပွဲကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆေးဝါးအရောင်းဆိုင် လုပ်ငန်းရှင်များနှင့် တိုက်ရိုက်ချိတ်ဆက် ဝယ်ယူရောင်းချနိုင်ရေး၊ ဈေးကွက်အတွင်း ဆေးဝါးပြတ်လပ်မှုနှင့် ဈေးနှုန်းကြီးမြင့်မှုအား ကာကွယ်တားဆီးနိုင်ရေး၊ ဒေသခံပြည်သူများ ကုမ္ပဏီတိုက်ရိုက်ဈေးနှုန်းဖြင့် လွတ်လပ်စွာ လိုအပ်သလောက် ဝယ်ယူနိုင်ရေးနှင့် 



ပြည်သူလူထု၏ ကျန်းမာရေးဝန်ဆောင်မှုအား ဘက်ပေါင်းစုံ ဖြည့်ဆည်းပေးနိုင်ရေး ရည်ရွယ်ကျင်းပရခြင်းဖြစ်ပြီး ဆေးဝါး တိုက်ရိုက်အရောင်းပွဲတော်အား ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၃ ရက်အထိ ဈေးအရောင်းဆိုင်ခန်း ၂၆ ခန်းမှ ဆေးဝါးအမျိုးအစား ၅၀၀ ကျော်အား နေ့စဉ်ပိတ်ရက်မရှိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ၌ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိစစ်သည်များအား သွားရောက်ကြည့်ရှုအားပေး



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေး တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး ကြည့်ရှုအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၉

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)သို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

### ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊စစ်သည်များအား တစ်ဦးချင်း လိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်လာမှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

သတင်းစဉ်

# လှိုင်ကော်မြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းအတွက် ရုံးသုံးအထောက်အကူပစ္စည်းများနှင့် ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၂၉

ကယားပြည်နယ် လှိုင်ကော်မြို့ ဒေါနိုးကူးရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာ အထက်တန်း ကျောင်းအတွက် ရုံးသုံးအထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ဒွေးမယ်နော်အဆောင်၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ



ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းရုံးအတွက် အထောက်အကူပစ္စည်းများ ဖြစ်သည့် Computer တစ်လုံး၊ Colour Printer တစ်လုံး၊ တယ်လီဖုန်း တစ်လုံးနှင့် ဆရာ ဆရာမများ အတွက် ကျောင်းဝတ်စုံနှင့် စားသောက်ဖွယ်ရာ များကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက လက်ခံရယူသည်။ (ဝဲပုံ)

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျောင်းဈေးတန်းရှိ ဈေးဆိုင်ခန်းများ၌ ရောင်းချနေသည့် စားသောက်ဖွယ်ရာများ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ သာယာဝတီမြို့မှ ကျောင်းသား ကျောင်းသူများ ငါးဆေးထိုး သားဖောက်သင်တန်းတက်ရောက်

နေပြည်တော် ဇူလိုင် ၂၉

ငါးလုပ်ငန်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (သာယာဝတီ) ကျောင်းမှ ကျောင်းသား ကျောင်းသူများအား အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်းအား စာတွေ့ လက်တွေ့ သိရှိနိုင်ရေးအတွက် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက အုတ်ဖို ငါးလုပ်ငန်းစခန်းတွင် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်း သင်တန်းကို ဖွင့်လှစ်ပို့ချပေးသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီ) မှ ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်မိုးထွဋ်၊



အုပ်ချုပ်သူ ဆရာ ဆရာမ ငါးဦးနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး အုတ်ဖိုငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်မိုးသီတာက အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်း ဘာသာရပ်များဖြစ်သော ကန်ပြင်ဆင်ခြင်း၊ မျိုးငါးရွေးချယ်ခြင်း၊ ငါးမှုန် ငါးသန်ပြုစုခြင်းတို့အား စာတွေ့သင်ကြားပို့ချပေးပြီး ငါးမြစ်ချင်းငါးဆေးထိုး သားဖောက်ခြင်းကို လက်တွေ့ ပို့ချပေးသည်။ အဆိုပါသင်တန်းသို့ ကျောင်းသား ခြောက်ဦးနှင့် ကျောင်းသူ ၂၂ ဦး တက်ရောက်ကြောင်း သိရသည်။ သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၂၀)အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ပဲခူး ဇူလိုင် ၂၉

၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၂၀)အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၂၉ ရက် ညနေက ပဲခူးမြို့ ဟံသာဝတီယူနိုက်တက်ဘောလုံးကွင်း၌ ကျင်းပသည်။ (အောက်ပုံ)

ဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က ယနေ့ကျင်းပသည့် အမျိုးသမီးဘောလုံးပြိုင်ပွဲသည် မြို့နယ်ပေါင်းစုံမှ လူရွေးချယ်ပြီး ခရိုင်လက်ရွေးစင်ရွေးချယ်ကာ လာရောက်ယှဉ်ပြိုင်ကြသည့်အတွက် ပြိုင်ပွဲ၏ ရည်မှန်းချက်မြင့်မားလာမှုနှင့်အတူ ပြိုင်ပွဲ၏ အနှစ်သာရများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် နေပြည်တော်တွင်ကျင်းပမည့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အသက်(၂၀)အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအနေဖြင့် အောင်မြင်မှုများရရှိနိုင်ရေးအတွက် ထူးချွန်သော အားကစားသမားများကို စုစည်း၍ စနစ်တကျကြိုတင်စုဖွဲ့လေ့ကျင့်ခြင်းအပါအဝင် လိုအပ်သည့်အစီအမံများကို စီစဉ်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲသည် တိုင်းဒေသကြီးကိုယ်စားပြုမှုတစ်ဆင့် နိုင်ငံ့လက်ရွေးစင်များ ပေါ်ထွက်လာစေရေး ပြိုင်ပွဲတစ်ရပ်အဖြစ်မှတ်ယူပြီး ယှဉ်ပြိုင်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတက္ကသိုလ် အမျိုးသမီးဘောလုံးအသင်းနှင့် ပြည်တက္ကသိုလ် အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြသည်။ အဆိုပါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် (၂၀)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင်၂၉ ရက်မှ ဩဂုတ် ၅ ရက်အထိ ပြိုင်ပွဲဝင်အသင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ သက်ထက်



ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# ၂၀၁၉ ခုနှစ်၊ ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

## ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း ထည့်သွင်းကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၉

**၂၀၁၉ ခုနှစ်၊ ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၌ ကျင်းပသည်။**



အစည်းအဝေးသို့ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပဋ္ဌမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားအားကစားပွဲတော်တွင် နောက်ဆုံးအတည်ပြုစာရင်းများအရ ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း ထည့်သွင်းကျင်းပမည် ဖြစ်ပြီး အုပ်ချုပ်သူ/ နည်းပြနှင့် အားကစားသမား အင်အား စုစုပေါင်း ခန့်မှန်း ၆၆၇၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ မသန်စွမ်းအားကစားနည်း လေးနည်းကိုပါ ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း၊ ဆပ်ကော်မတီများ အနေဖြင့် ဆပ်ကော်မတီအလိုက် ကုန်ကျနိုင်မည့် လျာထားအသုံးစရိတ် အသေးစိတ်စာရင်းများကို တင်ပြပေးရန်နှင့် ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ပေးရန် ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ဖွင့်ပွဲ/ ပိတ်ပွဲ အခမ်းအနား ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက သတ်မှတ်ခွင့်ပြုငွေ ပမာဏအပေါ် မူတည်၍ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကောင်းဆုံး ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကို နိုင်ငံတော်အဆင့်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အများပြည်သူ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးနိုင်စေရေးအတွက် အခမ်းအနားများတွင် မီးရှူးမီးပန်း ပစ်ဖောက်နိုင်ရေး၊ အခမ်းအနား ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးကိစ္စများကို ကြိုတင်ပြင်ဆင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများအားလုံး အမျိုးသားရေး စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် ဘဏ္ဍာငွေသုံးစွဲရန် လျာထား ကုန်ကျစရိတ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြကြရာ ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘားအံမြို့၌ သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိ၊ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့

**ဘားအံ ဇူလိုင် ၂၉**



ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းတာချက်များအရ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အထက် ၉၄၂ စင်တီမီတာတွင် ဆက်လက်တည်ရှိနေရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ရေဘေးသင့် ပြည်သူများအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့နှင့် ပတ်ဝန်းကျင်ဒေသရှိ ရပ်ကွက်/ကျေးရွာများတွင် ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးပြီး မိုးစပါးစိုက်ခင်းများ၊ ပျိုးခင်းများ ရေကြီးနစ်မြုပ်မှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး ရေကြီးနစ်မြုပ်မှု ကြောင့် ပျက်စီးလယ်မြေများအား ရေကျသည်နှင့် တောင်သူများ ပြန်လည်ထွန်ယက် စိုက်ပျိုး လုပ်ကိုင်နိုင်ရန်၊ ထိခိုက်လယ်မြေ များ ပြန်လည်ကုစားနိုင်ရေး အတွက် မျိုးစပါးနှင့် သွင်းအားစု များ ထောက်ပံ့ပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထား ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ဘားအံမြို့အဝင် ဖားစည်အဝိုင်းမှတစ်ဆင့် ဘားအံ (ဖားစည်လမ်းဆုံ)- ရွှေယဉ်မျှော်- နောင်လုံလမ်း ရေကျော်နေမှု အခြေအနေ၊ သထုံ - ဘားအံ- ကော့ကရိတ် - မြဝတီလမ်း၊ ကော့ကျိုက်-ကော့ပရံ-ဇာသပြင် (အဖြောင့်)လမ်း၊ ဘားအံမြို့ရှောင် လမ်းတို့တွင် မြေနိမ့်ပိုင်းနေရာ များ၌ ရေကျော်နေမှုအခြေအနေ များကို လိုက်လံကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများအား လိုအပ် သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ပြည်နယ် ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာ တော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုဇာတအား သွားရောက် ဖူးမြော်ကြည်ညို၍ သာသနာရေး ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေး ဆိုင်ရာများ လျှောက်ထားတင်ပြ ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများဆက်ကပ် လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ် ကမ္မဋ္ဌာန်းကျောင်းတိုက် ရေဘေး ကယ်ဆယ်ရေးစခန်းတွင် ယာယီ ပြောင်းရွှေ့နေထိုင်သော အိမ် ထောင်စု ၇၀ ၊ လူဦးရေ ၂၉၂ ဦး တို့အား သွားရောက်တွေ့ဆုံ အားပေးရာ ပြည်နယ်ဝန်ကြီးချုပ် က ယာယီပြောင်းရွှေ့နေထိုင်စဉ် ကာလအတွင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်စွာဖြင့် တစ်ကိုယ် ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ကြစေလိုပြီး တာဝန် ရှိသူများ၏ ပြောဆိုဆုံးမမှုများကို လိုက်နာ၍ အေးချမ်းပျော်ရွှင် စွာ နေထိုင်ကြစေလိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိ သူများ၊ စေတနာရှင်အလှူရှင်များ က နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ပြည့်စုံစွာ စီမံ ဆောင်ရွက်ပေးသွားမည် ဖြစ် ကြောင်း အားပေးစကားများ ပြောကြားကာ ဆန်၊ ဆီ၊ ကြက်ဥ၊ ထမင်းဘူးအစရှိသော စားသောက် ကုန်ပစ္စည်းများကို ထောက်ပံ့ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် အမှတ်(၃) အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ) ရေဘေးကယ်ဆယ် ရေးစခန်းတွင် ယာယီပြောင်းရွှေ့ နေထိုင်သော အိမ်ထောင်စု ၁၃၄ စု၊ လူဦးရေ ၆၅၀ တို့အား သွား ရောက်တွေ့ဆုံ အားပေးစကား များ ပြောကြားပြီး ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက် ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ် သည်။

အလားတူ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်များကလည်း သံလွင် မြစ်ရေ စံချိန်တင်မြင့်တက်မှုကြောင့် လူနေအိမ်များအတွင်း ရေဝင် ရောက်ခဲ့သော်လည်း ကယ်ဆယ် ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင် ခြင်းမရှိဘဲ ၎င်းတို့၏ နေအိမ်များ တွင်သာ ဆက်လက်နေထိုင်သော အိမ်ထောင်စုများအား နေ့လယ်စာ ထမင်းဘူးများကို လိုက်လံဝေငှ ပေးရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူက အမှတ်(၈) ရပ်ကွက်၊ စီးပွားရေးရာဝန်ကြီး ဦးစောခင် မောင်မြင့်က အမှတ်(၄)ရပ်ကွက်၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမှတ်(၆) ရပ်ကွက်၊ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးညီညီ ဇော်က အမှတ် (၇) ရပ်ကွက်၊ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်က အမှတ် (၃) ရပ်ကွက်တို့တွင် အိမ်ထောင်စု လူဦးရေအလိုက် နေ့လယ်စာထမင်းဘူးနှင့် ရေသန့် ဘူးများကို လှေငယ်များဖြင့် လိုက်လံဝေငှပေးခဲ့ကြောင်း သိရ သည်။

ကရင်ပြည်နယ်တွင် မိုးသည်း ထန်စွာ အဆက်မပြတ်ရွာသွန်းမှု ကြောင့် သံလွင်မြစ်၊ သောင်ရင်း မြစ်၊ ဂျိုင်းမြစ်၊ လှိုင်းဘွဲချောင်း တို့သည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေပြီး ဘားအံ၊ လှိုင်းဘွဲ၊ ရွှေဂွန်း၊ ကမမောင်း၊ မြဝတီ၊ ကော့ကရိတ်နှင့် ကြာအင်း ဆိပ်ကြီးမြို့များတွင် ယာယီ ကယ်ဆယ်ရေးစခန်းပေါင်း ၅၇ ခု ကိုဖွင့်လှစ်၍ အိမ်ထောင်စုပေါင်း ၆၃၉၉ စုကို ပြောင်းရွှေ့နေရာ ချထားပေးခဲ့ရကာ ပြည်နယ် အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ၊ ကူညီထောက်ပံ့ မှုများကို ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ နန္ဒဝန်အိမ်ရာအတွင်း မြတ်စေတနာအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား တက်ရောက်

မုံရွာ ဇူလိုင် ၂၉

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်အိမ်ရာအတွင်းရှိ "မြတ်စေတနာအလင်းရောင်" စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါအိမ်ရာအတွင်း ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အိမ်ရာတွင်နေထိုင်ကြသော ဝန်ထမ်းများ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း ပြည်သူများဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ရရှိရန် လူနေမှုအဆောက်အအုံကြီးထဲတွင် ပြည်သူများ အေးချမ်းသာယာစွာ နေထိုင်နိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ဖွင့်လှစ်ပေးလိုက်သည့် မြတ်စေတနာအလင်းရောင် စာကြည့်တိုက်အား ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးအောင် တာဝန်ရှိသူများက စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက မြတ်စေတနာအလင်းရောင် စာကြည့်တိုက်ဖွင့်လှစ်ရခြင်းကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က နန္ဒဝန် မူလတန်းကြို ကျောင်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက မြတ်စေတနာအလင်းရောင် စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက စာကြည့်တိုက် ပရိဘောဂမှတ်တမ်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေကျပ် ၄၉၈၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက ဌာနဆိုင်ရာများမှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေကျပ် ၁၅၉၀၀၀၀ ကို လည်းကောင်း၊ တိုင်းဒေသကြီး ရသုံးမှန်းခြေ



ငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ဌာနဆိုင်ရာများမှ လှူဒါန်းသည့် သုတ/ ရသစာအုပ် ၆၁၆ အုပ်ကိုလည်းကောင်း စာကြည့်တိုက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီး ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လေးဦး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းနှင့် တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လင်းတို့က မြတ်စေတနာအလင်းရောင် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့ကို လှည့်လည်ကြည့်ရှု

**မြစ်ကြီးနား ဇူလိုင် ၂၉**

ကချင်ပြည်နယ်၌ ပြီးခဲ့သည့် ဇွန်လအတွင်း မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေကြီးမှု ဖြစ်ပေါ်ခဲ့ပြီး ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့ အပါအဝင် ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူမြို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရေဘေးဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးမှုများ ကနဦးစစ်တမ်း ကောက်ယူခြင်းနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီက ဧရာဝတီမြစ်ကြောင်း တစ်လျှောက် အမြန်ရေယာဉ်များ



ဖြင့် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများသည် ရုံးကြီးလမ်းနှင့် ကမ်းနားလမ်းထောင့် ဧရာဝတီမြစ်ဆိပ်မှ အမြန်ရေယာဉ်များဖြင့် မြစ်ကြီးနားမြို့ တစ်လျှောက် မြစ်အထက်ပိုင်း ဗလမင်းထင်တံတားအထိ သီတာရပ်ကွက်နှင့်စီတာပူရပ်ကွက်တို့တွင် မြစ်ကမ်းပါး တိုက်စားမှုဖြစ်စဉ်များ၊ ကမ်းနားနေအိမ်များ ထိခိုက်မှုဖြစ်စဉ်များ၊ ကမ်းထိန်းနံရံများ ပျက်စီးမှုဖြစ်ပေါ်သည့် အခြေအနေများကို လည်းကောင်း၊ ထိုမှတစ်ဆင့် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု နောင်တာလောကျေးရွာအတွင်း ကမ်းပါးပြိုကျမှုဖြစ်စဉ်ကြောင့် စေတီတစ်ဆူအပါအဝင် နေအိမ်များ ပြိုကျမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို လည်းကောင်း မြစ်အတွင်းမှ ကြည့်ရှုစစ်ဆေးကြကာ ကမ်းထိန်းနံရံများ တည်ဆောက်ပေးနိုင်ရေး အမြန်ဆုံး ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားဘက်ကမ်းတစ်လျှောက် ဧရာရပ်ကွက်၊ မြို့မရပ်ကွက်၊ မင်းရပ်ရပ်ကွက်၊ ကချင်စုရပ်ကွက်၊ ကျွန်းပင်သာရပ်ကွက်၊ လယ်ကုန်းရပ်ကွက်နှင့် ရေကြည်ရပ်ကွက်အတွင်းရှိ ရေကြည်ချောင်းဝအထိ ကျောက်စီရေထိန်းနံရံ တည်ဆောက်ပြီးစီးသည့် အပိုင်းများ၊ ရေထိန်းနံရံ တည်ဆောက်ရန်လိုအပ်သည့်အပိုင်းများ၊ လယ်ကုန်းရပ်ကွက်အတွင်း မြေနိမ့်ပိုင်းနေရာများတွင် မြေဖို့၍ ကမ်းနားပတ်လမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် မြစ်ကမ်းဘေးတစ်လျှောက် ထိခိုက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောက်စီရေထိန်းနံရံနှင့် မြစ်နှင့် တစ်ဆက်တည်းရှိသည့် ချောင်းဝများတွင် ရေထိန်းတံခါးများ တည်ဆောက်နိုင်ရေး၊ ကမ်းပါးထိန်းသစ်ပင်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ရေရှည်အတွက် မျှော်မှန်းကာ လုပ်ငန်းစီမံကိန်းများ ရေးဆွဲပြီး စနစ်တကျ အပိုင်းလိုက် ပြုပြင် တည်ဆောက်နိုင်ရေးနှင့် လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ရပ်စောက်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကျင်းပ

**ရပ်စောက် ဇူလိုင် ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ အထက (၁) ရပ်စောက်ကျောင်းမှ ကျောင်းသားကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့ သီချင်းဖြင့် ဂုဏ်ပြုသီဆိုကာ အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အမှာစကားပြောကြားသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးအဖြစ် အထက်တန်းအဆင့် စကားရည်လုပြိုင်ပွဲကို ကျင်းပပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိများ၊ ကျောင်းသား ကျောင်းသူများနှင့် အခမ်းအနား တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

✳ *ကျောဖုံးမှ*

နောက်ပိုင်းပွဲချိန်များတွင် ပြိုင်ဘက်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ခုခံကာကွယ်ခဲ့ရသည်။ အဖွင့်ပွဲစဉ်တွင် ဇမ်ဘီယာအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သော အမေရိကန်အသင်းသည် ယခုပွဲစဉ်တွင် နာမည်ကြီး ဂျာမနီအသင်းကို ထပ်မံဂိုးပြတ်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ဂျာမနီအသင်းသည် ယခုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး ဇမ်ဘီယာအသင်းနှင့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် မဖြစ်မနေ ရလဒ်ကောင်းရရှိအောင် အားထုတ်ရတော့မည်ဖြစ်သည်။ အုပ်စုပွဲစဉ်(၂) ကစားပြီးချိန်တွင် အုပ်စု (ခ) ကို အမေရိကန်အသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ် ခြောက်မှတ်ဖြင့် ဦးဆောင်ထားပြီး ဂျာမနီအသင်းက ဩစတြေးလျအသင်းနှင့် ရမှတ်သုံးမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ ဇမ်ဘီယာအသင်းက နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည့်အတွက် ရမှတ် မရှိသေးပေ။

ပါရီအိုလံပစ် ၂၀၂၄ အမျိုးသမီးဘောလုံးပြိုင်ပွဲမှ အခြားသော ပွဲစဉ်ရလဒ်များတွင် ကိုလံဘီယာက နယူးဇီလန်ကို နှစ်ဂိုး-ဂိုးမရှိ၊ ကနေဒါက ပြင်သစ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဩစတြေးလျက ဇမ်ဘီယာကို ခြောက်ဂိုး-ငါးဂိုး၊ ဂျပန်က နာမည်ကြီး ဘရာဇီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သလို စပိန်နှင့် နိုင်ဂျီးရီးယားအသင်းပွဲစဉ်တွင်လည်း စပိန်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ **အောင်ဇော်**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ သို့မဟုတ် ဓာတုပစ္စည်းပရိကာဆာများ သို့မဟုတ် ကန့်သတ်ဓာတုပစ္စည်းများ အပိုင်း(၃)

ဒေါက်တာလပြည့်ခင်

**❂ MDMA အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော Serotonin များ အလွန်အကျွံထုတ်လွှတ်မှုသည် ဦးနှောက်အတွင်းရှိ အာရုံကြောထုတ်လွှတ်မှုစနစ် (Neurotransmitter) ကို သိသိသာသာလျော့ကျသွားစေနိုင်သည်။ အကျိုးဆက်အနေဖြင့် လူများသည် MDMA အသုံးပြုပြီးနောက် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်စိတ်နှင့် ပင်ပန်းနွမ်းနယ်ခြင်းကဲ့သို့သော အပျက်သဘောဆောင်သော စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများကို ရက်အတော်ကြာ ကြုံတွေ့ရနိုင်သည်**

**အရေးပါသည့်ထိန်းချုပ်ဓာတုပစ္စည်းများ (ပရိကာဆာများ)ကို တရားဝင်နှင့် တရားမဝင် အသုံးပြုခြင်းများ**

အပိုင်း(၂)တွင်ဖော်ပြခဲ့သော United Nations Convention Against Illicit Traffic in Narcotic Drugs and Psychotropic Substances က ထုတ်ပြန်ကြေညာထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုး၏ တရားဝင်နှင့် တရားမဝင် အသုံးပြုမှုများကို ဆက်လက်ဖော်ပြသွားပါမည်။

**N-acetylanthranilic Acid** (အင်-အက်စီတိုင်းလ်အင်သရာနီလစ်အက်စစ်) $C_9H_9NO_3$ ကို ဆေးဝါးများ၊ ပလတ်စတစ်များနှင့် သန့်စင်သော ဓာတုပစ္စည်းများ၊ ပြင်းအားပျော့သော ဓာတုပစ္စည်းများနှင့် ပလတ်စတစ်များ ထုတ်လုပ်ရာတွင် တရားဝင်အသုံးပြုပြီး မက်သာကွာလုံး (Methaqualone) နှင့် မက်ကလိုကွာလုံး (Mecloqualone) ကို ဖန်တီးထုတ်လုပ်ရာတွင် တရားမဝင် အသုံးပြုပါသည်။

**Ephedrine (အက်ဖီဒရင်း)** $C_{10}H_{15}NO$ မှာ အနံ့မရှိသောအဖြူရောင် ပုံဆောင်ခဲအမှုန့်ဖြစ်ပြီး အက်ဖီဒရာအပင်မှ ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်ရရှိပါသည်။ ၎င်းသည် Alcohol တွင် ပျော်ဝင်ပြီး Ether Chloroform တို့တွင် မပျော်ဝင်ပါ။ ထိုအမှုန့်မှာ ရှူရှိုက်လျှင် အန္တရာယ်ရှိပါသည်။ ပန်းနာရင်ကျပ်ကဲ့သို့ အသက်ရှူကျပ်သောရောဂါကာကွယ်ဆေး၊ အသက်ရှူလမ်းကြောင်း သန့်ရှင်းစေသော ဆေးဝါးများ ထုတ်လုပ်ရာတွင် သုံးပြီး မက်သ်အဖက်တမင်း (Methamphetamine) တရားမဝင် ထုတ်လုပ်ရာတွင်လည်း အသုံးပြုကြပါသည်။

**Ergometrine** (အာဂိုမက်ထရင်း) $C_{23}H_{27}N_3O_6$ ကို ခေါင်းကိုက်ရောဂါ သက်သာစေသည့်ဆေးဝါး၊ သားဖွားမီးယပ်တွင် သားအိမ်ညှစ်ဆေးနှင့် သားဖွားရာတွင် အသက်ရှူဝစေရန် အသုံးပြုပြီး လိုင်ဆာဂျစ်အက်စစ် (Lysergic Acid) နှင့် လိုင်ဆာဂျစ်အက်စစ်ဒိုင် အီသိုင်းလမိုက် Lysergic Acid Diethylamide (L.S.D) ဖန်တီးထုတ်လုပ်ရာတွင် တရားမဝင် အသုံးပြုပါသည်။

**Ergotamine** (အာဂိုတမင်း) $C_{33}H_{35}N_5O_5$ ကို မီးယပ်သားဖွားသည့်မိခင်အား ကုသရာတွင် မရှိမဖြစ် အသုံးပြုရသောပစ္စည်းဖြစ်သည်။ ခေါင်းတစ်ခြမ်းကိုက်ခြင်းကို ကုသပေးသည့် ဆေးဖြစ်ပြီး နာကျင်ခြင်း၊ ပျို့အန်ခြင်း၊ စိတ်တိုခြင်းနှင့် ယာယီအမြင်အာရုံဆုံးရှုံးခြင်းတို့ကို ဖြစ်စေနိုင်သည်။ ဤဆေးပြားများသည် နာကျင်မှုအချက်ပြမှုများကို ပိတ်ဆို့ကာ ဦးနှောက်အတွင်းရှိ သွေးကြောများကို ကျဉ်းစေရန် လုပ်ဆောင်သည်။ ဆေးအရည်ပျော်စေရန် လျှာအောက်တွင်ထား၍ သောက်နိုင်သည်။ Aura နှင့် ဦးခေါင်းအစုလိုက် အပြုံလိုက်ကိုက်ခြင်း ရှိ/မရှိ စစ်ဆေးသည့် Alpha-1 Selective Adrenergic agonist Vasoconstrictor ဆေးဖြစ်သည်။ Lysergic Acid နှင့် L.S.D (Lysergic Acid Diethylamide) တို့ ထုတ်လုပ်ရာတွင်လည်း တရားမဝင် အသုံးပြုပါသည်။

**Isosafrole** (အိုင်ဆိုဆာဖရိုးလ်) $C_{10}H_{10}O_2$ သည် အမွှေးရနံ့လုပ်ငန်းတွင် အသုံးပြုသော အော်ဂဲနစ်ဒြပ်ပေါင်းတစ်ခုဖြစ်ပြီး စမုန်နက် (သို့) နွယ်ပင်၏ ရနံ့ကို ရရှိစေသည်။ ယင်းကို ပိုင်ပါရိုနယ်လ် (Piperronal)၊ အဆင့်မြင့်ရေမွှေး (Perfume) ဖြစ်စေရန် ပြုပြင်ရာတွင်လည်းကောင်း၊ အရည်အသွေးကောင်းသော ဆပ်ပြာမွှေးဖြစ်စေရန်လည်း ကောင်း၊ ဆာဆပါရိုလ်အမွှေးနံ့ ပြုလုပ်ရာတွင်လည်းကောင်း၊ ကပ်ရောဂါကာကွယ်ဆေး ထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုသည်။ ဘီယာ ပြုလုပ်ရာ၌ မီသိုင်းလ်ဆီလီကိတ် (Methyl Silicate)နှင့်အတူ Isosafrole ပမာဏအနည်းငယ်ကို ထည့်သုံးခြင်းဖြင့် အနံ့ပိုမိုကောင်းမွန်စေပါသည်။ တရားမဝင်အနေဖြင့် MDA (3,4-Methylenedioxyamphetamine)၊ MDE (3,4-Methylenedioxy-N-ethylamphetamine)၊ MIMA နှင့် Normalhydroxitine Amphetamine တို့ထုတ်လုပ်ရာတွင် အသုံးပြုသည်။

**Lysergic Acid** (လိုင်ဆာဂျစ်အက်စစ်) $C_{16}H_{16}N_2O_2$ ကို d-lysergic acid နှင့် (+)-lysergic acid ဟု ခေါ်ဆိုနိုင်ပါသည်။ LA ကို ဆေးဝါး (Phamaceutical) အဖြစ်လည်းကောင်း၊ စိတ်အားထက်သန်စေသောဆေးဝါးများ (Psychedelic Drugs) အဖြစ်လည်းကောင်း၊ အော်ဂဲနစ်ပစ္စည်းများ (Organics) ထုတ်လုပ်ရာတွင် အသုံးပြုနိုင်ပြီး L.S.D (Lysergic Acid Diethylamide) တရားမဝင် ထုတ်လုပ်ရာတွင်လည်း အသုံးပြုသည်။

**3,4-Methylenedioxyphenyl-2 Propanone** (၃၊ ၄ - မီသိုင်းလ်လင်ဒိုင်အောက်ဆီဖီနိုင်းလ် -၂ ပရိုပန်နုန်း) (MDP-2-P/PMK) $C_{10}H_{10}O_3$ ကို ပိုင်ပါရိုနောနှင့် အခြားသောအမွှေးဆီများ၊ ရေမွှေးများ ထုတ်လုပ်ရာတွင်သုံးပြီး Amphetamine၊ MDA (3,4 - Methylenedioxyamphetamine)၊ MDE (3,4-Methylenedioxy-N-ethylamphetamine)၊ MDMA (3,4 - Methylenedioxymethamphetamine) Normalhydroxydine, Amphetamine (N-OM MDA) တို့ကို တရားမဝင်စိတ်ကြွဆေးများထုတ်လုပ်ရာတွင်လည်း အသုံးပြုပါသည်။

**MDMA (3,4-Methylenedioxymethamphetamine) or Ecstasy**

"Ecstasy" ဟု ပို၍ လူသိများထင်ရှားသော MDMA သည် Schedule I ဆေးဖြစ်ပြီး ရေတွင် အလွန်ပျော်ဝင်နိုင်သော အဖြူရောင် Semisolid ဓာတုပစ္စည်းဖြစ်သည်။ ၎င်းသည် ကြည်လင်ပြီး အရောင်မဲ့အရည်ကို ရေတွင် အယ်လ်ကိုဟောရန့် အနည်းငယ်ဖြင့် ဖွဲ့စည်းထားသည်။ MDMA ကို အစာစားချင်စိတ်ကို သက်သာစေသည့် ဆေးဝါးအဖြစ် လည်းကောင်း၊ စိတ်ကုထုံးတွင် လည်းကောင်း အသုံးပြုပြီး ပါကင်ဆန်ရောဂါနှင့် စိတ်ဒဏ်ရာလွန်စိတ်ဖိစီးမှုရောဂါတို့ကို ကုသရာတွင်လည်းကောင်း အသုံးပြုခဲ့ကြသည်။ တစ်နည်းအားဖြင့် MDMA ($C_{11}H_{15}NO_2.HCl$) သည် "စိတ်ကြွဆေးပြား" သို့မဟုတ် "Molly" ဟု အများအားဖြင့် ရည်ညွှန်းသည့် လူသိများသော အပန်းဖြေဆေးဖြစ်သည်။ ၎င်းသည် ပြင်းထန်သောကြည်နူးမှု၊ စိတ်ခံစားမှု၊ ပွင့်လင်းမှုနှင့် စာနာမှုတို့ကို ဖြစ်ပေါ်စေသကဲ့သို့ အာရုံခံနိုင်စွမ်းကို မြှင့်တင်ပေးပြီး စွမ်းအင်အဆင့်ကို တိုးမြှင့်ပေးသည်။

MDMA အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော Serotonin များ အလွန်အကျွံထုတ်လွှတ်မှုသည် ဦးနှောက်အတွင်းရှိ အာရုံကြောထုတ်လွှတ်မှုစနစ် (Neurotransmitter) ကို သိသိသာသာလျော့ကျသွားစေနိုင်သည်။ အကျိုးဆက်အနေဖြင့် လူများသည် MDMA အသုံးပြုပြီးနောက် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်စိတ်နှင့် ပင်ပန်းနွမ်းနယ်ခြင်းကဲ့သို့သော အပျက်သဘောဆောင်သော စိတ်ပိုင်းဆိုင်ရာအကျိုးသက်ရောက်မှုများကို ရက်အတော်ကြာ ကြုံတွေ့ရနိုင်သည်။ MDMA သည် Norepinephrine ထွက်လာခြင်းကြောင့် အဓိကအားဖြင့် နှလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန်တိုးခြင်းကဲ့သို့သော Adrenergic သက်ရောက်မှုများကို တစ်သမတ်တည်းဖြစ်ပေါ်စေသည်။

MDMA သည် စိတ်ဓာတ်ကျခြင်း သို့မဟုတ် စိုးရိမ်ပူပန်မှုကို ဖြစ်စေနိုင်သည်။ MDMA သည် နှလုံးခုန်နှုန်းကို ဖြစ်ပေါ်စေပြီး နှလုံးတိုက်ခိုက်ခံရနိုင်ခြေကို တိုးစေသည်ဟု လူသိများသည်။ ရေတိုဘေးထွက်ဆိုးကျိုးအနေဖြင့် ပျို့ခြင်း၊ အန်ခြင်း၊ အစာစားချင်စိတ်ကို လျော့ကျစေခြင်း၊ ဝမ်းသာပီတိစိတ်ဖြစ်ခြင်း၊ အဆိုးမြင်စိတ်များ လျော့ပါးလာခြင်း၊ မလုံခြုံမှုများ လျော့ပါးလာခြင်း၊ ခံစားချက်ခိုင်မာလာခြင်းတို့ ဖြစ်ပေါ်စေပြီး ရေရှည်ဘေးထွက်ဆိုးကျိုးအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ ပူပင်သောကဖြစ်ခြင်း၊ အဆိုးမြင်စိတ်များတိုးလာခြင်း၊ အိပ်မပျော်ခြင်း၊ အစာစားချင်စိတ်ကို လျော့ကျစေခြင်း၊ မှတ်ဉာဏ်ပြဿနာများဖြစ်ပေါ်ခြင်းနှင့် စိတ်တိုစရာခံစားချက်များကို ဖြစ်ပေါ်စေပါသည်။

**MDA (3,4-Methylenedioxyamphetamine) or Sassafras**

"Sally" သို့မဟုတ် "Sassafras" ဟုလည်း ခေါ်သော MDA ($C_{10}H_{13}NO_2$) သည် ကျေနပ်ပျော်ရွှင်မှု၊ စွမ်းအင်အဆင့်တိုးမြှင့်မှု၊ အာရုံခံစားမှုနှင့် စာနာမှုတို့ကို မြှင့်တင်ပေးပြီး ပြောင်းလဲလာသောအချိန်သညာကို ထုတ်ပေးသည်။ MDA သည် MDMA နှင့် နှိုင်းယှဉ်လျှင် ပိုမိုအားကောင်းသော အမြင်အာရုံနှင့် အကြားအာရုံယောင်များကို ဖြစ်ပေါ်စေပြီး စွမ်းအင်အဆင့်ကို ပိုမိုမြှင့်တင်ပေးနိုင်သည်။ MDA ခန္ဓာကိုယ်မှ အပြည့်အဝဖယ်ထုတ်ပစ်ရန် MDMA ထက် ၂-၄ နာရီ ပိုကြာတတ်ပါသည်။ MDMA နှင့်ခံစားချက်ခြင်း ဆင်တူသော်လည်း MDA ၏ serotonin receptors များပေါ်တွင် MDA ၏ လုပ်ဆောင်ချက်သည် အသုံးပြုပြီး နောက်ရက်အတော်ကြာခံစားရနိုင်သည့် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်ခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းကဲ့သို့သော၊ အနုတ်လက္ခဏာဆောင်သော စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သည်။

MDA နှင့် MDMA နှစ်မျိုးလုံးကို စိတ်ကြွဆေးများအဖြစ် ခွဲခြားထားပြီး ဦးနှောက်အတွင်းရှိ serotonin၊ dopamine နှင့် norepinephrine တို့ကို တိုးမြှင့်နိုင်သည်။ ဆေးဝါးနှစ်မျိုးလုံးသည် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို သယ်ဆောင်လာပြီး ဆိုးရွားသော ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများရှိသည်။ ပစ္စည်းတစ်ခုစီ၏ တိကျသောအန္တရာယ်သည် သောက်သုံးသောပမာဏ၊ သန့်ရှင်းမှု၊ တစ်ဦးချင်းဇီဝကမ္မဗေဒနှင့် ကွဲပြားမှုနှင့် အသုံးပြုမှုအခြေအနေကဲ့သို့သော အချက်များပေါ်တွင် မူတည်၍ ကွဲပြားနိုင်သည်။ MDA သို့မဟုတ် MDMA လွန်ကဲစွာသုံးစွဲခြင်းသည် အန္တရာယ်ရှိသော ခန္ဓာကိုယ်အပူချိန် (Hyperthermia)၊ နှလုံးသွေးကြောဆိုင်ရာ သက်ရောက်မှုများဖြစ်သည့် သွေးပေါင်ချိန်တက်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း သို့မဟုတ် ပုံမှန်မဟုတ်ခြင်း၊ နှလုံးရပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ စိတ်ရှုပ်ထွေးမှုဖြစ်ပေါ်ခြင်း၊ မထိန်းချုပ်နိုင်သော တုန်လှုပ်ခြင်း သို့မဟုတ် တက်ခြင်း၊ သတိလစ်ခြင်း စသည့် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သော အကျိုးဆက်များ ဖြစ်စေနိုင်သည်။

အမေရိကန်ပြည်ထောင်စု (USA) တွင်လည်း MDMA ကို Schedule I ပစ္စည်းအဖြစ် ခွဲခြားသတ်မှတ်ထားသော်လည်း အလွဲသုံးစားပြုမှုများအတွက် မြင့်မားသော အလားအလာရှိနေသည်ဟု သိရှိရပါသည်။ လက်ရှိတွင် MDMA သည် USA တွင် ရေပန်းအစားဆုံး ကလပ်ဆေးများထဲမှတစ်ခုဖြစ်ပြီး ၁၉၉၅ နှင့် ၂၀၀၁ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် ၇၀ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲခဲ့သည်။ USA ကျောင်းသားများ၏ စစ်တမ်းတစ်ခုအရ အထက်တန်းကျောင်းသား ၅ ရာခိုင်နှုန်းမှ ၆.၇ ရာခိုင်နှုန်းနှင့် အလယ်တန်း (၈ တန်း) ကျောင်းသား ၂ ရာခိုင်နှုန်းက MDMA ကို အသုံးပြုခဲ့ကြသည်။ MDMA Tablet များကို"Adam၊" "Batman၊" "bibs၊" "blue kisses" blue Nile၊ "charity" "clearity"၊ "Debs" "decadence" အစရှိသော အမည်အမျိုးမျိုးဖြင့် ရောင်းချခဲ့ကြသည်။ အနောက်နိုင်ငံများတွင် လူငယ်လူရွယ်များကြား၌ ရေပန်းစားတွင်ကျယ်စွာရှိနေသေးပြီး Dancer အက အဖွဲ့အခင်းအကျင်းများတွင် အဓိကအားဖြင့် အသုံးပြုကြသည်။

MDMA နှင့် MDA တို့သည် ကွဲပြားသော အကျိုးသက်ရောက်မှုများရှိသော အလားတူ စိတ်ပိုင်းဆိုင်ရာ တက်ကြွစေသောအရာများ ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

(၁၁)ကြိမ်မြောက် ဆေးပညာသင်ကြားရေး နီးနှောဖလှယ်ပွဲ ဂုဏ်ပြုဆောင်းပါး

# ရလဒ်အခြေပြု ဆေးပညာသင်ကြားရေးမှသည် အရည်အသွေးပြည့်ဝသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များဆီသို့

*ဒေါက်တာသစ္စာ (ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန)*

ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (Sustainable Development Goals–SDG 2030) တွင် ပါရှိသော ကျန်းမာရေးကဏ္ဍနှင့်သက်ဆိုင်သည့် ပန်းတိုင်အမှတ်စဉ်–၃ ဖြစ်သည့် အသက်အရွယ်မရွေး လူတိုင်းကျန်းမာသည့်ဘဝ ရရှိစေရေးဆိုသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဘက်စုံလွှမ်းခြုံသော လူတိုင်းလက်လှမ်းမီကျန်းမာရေးစောင့်ရှောက်မှုစနစ် (Universal Health Coverage) ကို ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီစေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။

**မဟာဗျူဟာ စီမံကိန်းများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရည်ရွယ်မွေးထုတ်**

ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည်လည်း မိမိတို့နိုင်ငံတွင် Universal Health Coverage ရရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ **ဘက်စုံလွှမ်းခြုံသော လူတိုင်းလက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အကောင်အထည်ဖော်ရာတွင် အခြေခံအကျဆုံး၊ အရေးအကြီးဆုံးနှင့် စိန်ခေါ်မှုအမြင့်မားဆုံးကိစ္စရပ်မှာ အရည်အသွေးပြည့်ဝသော ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ လုံလောက်စွာ မွေးထုတ်ခန့်ထားရေးပင်ဖြစ်ပါသည်။** ကမ္ဘာ့နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံ၏ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်အပေါ်မူတည်၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရေး မဟာဗျူဟာစီမံကိန်းများနှင့်အညီ မိမိနိုင်ငံ၏ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရည်ရွယ်မွေးထုတ်ကြခြင်းပင်ဖြစ်ပါသည်။ သို့သော် လုံလောက်စွာ မွေးထုတ်နိုင်ခြင်းမရှိသည့်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများ အထူးသဖြင့် The Organization for Economic Co–operation and Development (OECD) အဖွဲ့ဝင်နိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ မွေးထုတ်ထားသော ကျန်းမာရေးလူ့စွမ်းအားများကို ခေါ်ယူခန့်ထားနေကြသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျန်းမာရေးလူ့စွမ်းအား မလုံလောက်မှုများကို ပိုမိုရင်ဆိုင်နေရပါသည်။

Sustainable Development Goals–SDG 2030 ရည်မှန်းချက်များ ပြည့်မီရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်မှုအရ ဆရာဝန်၊ သူနာပြု၊ သားဖွားအရေအတွက်သည် ၂၀၁၅ ခုနှစ်တွင် လူဦးရေတစ်သောင်းလျှင် ၂၂ ဒသမ ၈ ဦးရှိရမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၄၄ ဒသမ ၅ ဦး ရှိရန်လိုအပ်ပါသည်။ ၂၀၁၇ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံ၏ ကျန်းမာရေးလူ့စွမ်းအားအခြေအနေမှာ လူဦးရေ တစ်သောင်းလျှင် ၁၆ ဒသမ ၈ ဦးသာရှိသည့်အတွက် အခြားနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံသည်လည်း သတ်မှတ်ချက်ပြည့်မီစေရေး များစွာလိုအပ်နေဦးမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက် လိုအပ်သော ကျန်းမာရေးလူ့စွမ်းအားများကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက အဓိကမွေးထုတ်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးလူ့စွမ်းအားများ တိုးမြှင့်မွေးထုတ်နိုင်ရန်အတွက် ဆေးတက္ကသိုလ်နှင့် ဆေးပညာနီးနွယ်တက္ကသိုလ်/သင်တန်းကျောင်းများကို စဉ်ဆက်မပြတ် တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် ၁၉၈၈ ခုနှစ် မတိုင်မီက ဆေးတက္ကသိုလ်သုံးခု၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တစ်ခုနှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၂၅ ကျောင်းသာရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် အသစ်ဖွင့်လှစ်ခဲ့သော Nay Pyi Taw State Academy, Faculty of Medicine အပါအဝင် ယခုအခါ ဆေးတက္ကသိုလ် ငါးခုနှင့် ဆေးပညာမဟာဌာနကြီး တစ်ခု စုစုပေါင်း ခြောက်ခု၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် နှစ်ခု၊ သူနာပြုတက္ကသိုလ် နှစ်ခု၊ ဆေးဝါးတက္ကသိုလ် နှစ်ခု၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် နှစ်ခု၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် တစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ် တစ်ခုနှင့် တိုင်းရင်းဆေးတက္ကသိုလ် တစ်ခု စုစုပေါင်းတက္ကသိုလ် ၁၇ ခု၊ သူနာပြု/သားဖွားနီးနွယ်သင်တန်းကျောင်း ၅၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့် မွေးထုတ်လျက်ရှိပါသည်။ အဆိုပါကျောင်းများမှ ဆေးပညာဘွဲ့ရ ၄၇၆၈၆ ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရ ၅၅၂၁ ဦး၊ ဆေးဝါးသိပ္ပံဘွဲ့ ၄၃၄၄ ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ ၄၆၄၈ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၁၀၂၄၀၊ သူနာပြုနှင့် သားဖွားဆိုင်ရာဒီပလိုမာ ၈၃၅၁၂ ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ ၅၃၁၇ ဦး၊ ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) ၂၄၂၀၊ လက်ထောက်ကျန်းမာရေးမှူး ၂၅၁၅ ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁) ၃၀၀၈ ဦး၊ အရေးပေါ်သူနာပြုစုမှုပညာလက်မှတ်ရ ၁၁၃ ဦးတို့ကို အောင်မြင်စွာ မွေးထုတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ဘွဲ့လွန်ဒီပလိုမာဘွဲ့ရ ၃၈၂၂ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၁၁၂၄ ဦး၊ ပါရဂူဘွဲ့ရ ၁၆၂၁ ဦးတို့ကို လေ့ကျင့်မွေးထုတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။




တိုင်းရင်းဆေးတက္ကသိုလ်။ (မန္တလေး)

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရာတွင် တက်ရောက်လိုသူအရေအတွက်ရရှိရေး အခက်အခဲမရှိသော်လည်း လေ့ကျင့်ပြုစုပျိုးထောင်ရာတွင် စိန်ခေါ်မှုများစွာရှိပါသည်။ ဆေးပညာဘာသာရပ်သည် လူ့အသက်များနှင့် တိုက်ရိုက်ဆက်စပ်နေသော ပညာရပ်ဖြစ်သည့်အားလျော်စွာ လေ့ကျင့်မွေးထုတ်လိုက်သော လူ့စွမ်းအားများအားလုံးတွင် လုံလောက်သောစွမ်းရည်၊ ကျွမ်းကျင်မှုနှင့် ကျင့်ဝတ်များ ပြည့်စုံနေစေရန် အထူးလိုအပ်လှပါသည်။ ထိုသို့ မွေးထုတ်ရန်မှာ အရည်အသွေးပြည့်ဝ ကျွမ်းကျင်သော ဆရာ ဆရာမများ၊ လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်ရန် သင်ကြားရေးဆေးရုံကြီးများ၊ သင်ကြားရေး အထောက်အကူပစ္စည်းများ ပြည့်စုံရန် လိုအပ်ပါသည်။ အချို့သည် ငွေကြေးဖြင့် ချက်ချင်းဖြည့်ဆည်းရန်မှာ အလွယ်တကူရရှိနိုင်သော်လည်း အချို့မှာ ချက်ချင်းဖြည့်ဆည်းရန် မလွယ်ကူပါ။ ဥပမာအားဖြင့် သားဖွားပညာ တတ်မြောက်ရေးအတွက် မွေးလူနာဖြင့် လက်တွေ့လေ့ကျင့်ရန်မှာ မွေးလူနာရှိမှသာ လေ့ကျင့်နိုင်မည်ဖြစ်ပါသည်။ ကျောင်းသားတစ်ဦးလျှင် သတ်မှတ်သင်တန်းကာလအတွင်း မွေးလူနာ ၂၀ လေ့ကျင့်ရန်လိုအပ်ပါက ကျောင်းသား ၁၀၀၀ အတွက်ဆိုလျှင် မွေးလူနာ ၂၀၀၀၀ သင်ကြားရေးဆေးရုံကြီးများတွင်ရှိမှသာ လိုအပ်သော ကျွမ်းကျင်တတ်မြောက်မှုအတွက် လေ့ကျင့်နိုင်မည်ဖြစ်ပါသည်။

**ပိုမိုကောင်းမွန်သော လေ့ကျင့်သင်ကြားရေး နည်းစနစ်များ သင်ကြားပေးလျက်ရှိ**

အထက်တွင်ဆိုပြီးသကဲ့သို့ လူတိုင်းလက်လှမ်းမီကျန်းမာရေးစောင့်ရှောက်မှုစနစ် ဖော်ဆောင်ရန်မှာ ကျန်းမာရေးဝန်ဆောင်မှုပေးကြမည့် လူ့စွမ်းအားများ၏ အရေအတွက်သာမက အရည်အသွေးပြည့်မီစေရေးလည်း လိုအပ်သည်ဖြစ်ရာ ခေတ်အဆက်ဆက်တွင်လည်း ကျန်းမာရေး လူ့စွမ်းအားများ၏ အရည်အသွေးပြည့်မီစေရေးအတွက် ပုံစံအမျိုးမျိုးဖြင့် လေ့ကျင့်သင်ကြားပေးသကဲ့သို့ ပိုမိုကောင်းမွန်သော လေ့ကျင့်သင်ကြားရေးနည်းစနစ်များဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက်လည်း စဉ်ဆက်မပြတ် လေ့လာကြိုးပမ်း အားထုတ်လျက်ရှိပါသည်။

ယနေ့ခေတ်အချိန်တွင် အရည်အသွေးပြည့်မီသော ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ သင်ကြားမွေးထုတ်ရာတွင် အကောင်းဆုံးနည်းလမ်းမှာ ရလဒ်အခြေပြု ဆေးပညာသင်ကြားရေးစနစ်ဖြစ်ကြောင်း နိုင်ငံတကာမှ တညီတညွတ်တည်း စံ တစ်ခုအဖြစ် လက်ခံကျင့်သုံးလျက်ရှိပါသည်။ **ရလဒ်အခြေပြုဆေးပညာသင်ကြားရေးစနစ်ဆိုသည်မှာ ပြည်သူလူထုအား ပြည့်စုံလုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ကျန်းမာရေးစွမ်းအားစုများတွင်ရှိရမည့် လိုအပ်သောစွမ်းရည်များကို ဖော်ထုတ်လျက် ၎င်းစွမ်းရည်များ ပြည့်မီစေရေး ဦးတည်လေ့ကျင့်ပေးခြင်းပင်ဖြစ်ပါသည်။** ရလဒ်အခြေပြုပညာရေး၏ အနှစ်သာရတွင် ကျောင်းသားဗဟိုပြုသင်ယူမှုစနစ်များ၊ ပြဿနာအခြေပြုသင်ယူမှုစနစ်များ၊ စုစည်းချိတ်ဆက်သင်ကြားရေးစနစ်များ၊ လူနာအခြေပြုကျန်းမာရေးစောင့်ရှောက်မှုစနစ်များ၊ နည်းပညာအခြေပြုသင်ကြားရေးနည်းစနစ်များ၊ ရလဒ်အခြေပြု စစ်ဆေးနည်းစနစ်များ ပါဝင်မည်ဖြစ်ပါသည်။

**လက်တွေ့နယ်ပယ်တွင် အုပ်စုဖွဲ့ သင်ယူလေ့လာနည်းများကို အလေးပေးလာ**

၂၁ ရာစုပညာရေးတွင် အလွတ်ကျက်မှတ်၍ နားလည်တတ်မြောက်မှုကို သင်ကြားစစ်ဆေးသော နည်းလမ်းများကို အလေးမပေးတော့ဘဲ ဝေဖန်ပိုင်းခြား၍ တီထွင်ကြံဆမှုကို မြှင့်တင်သင်ကြားစစ်ဆေးသော သင်ကြားသင်ယူမှုစနစ်များကို ပြောင်းလဲကျင့်သုံးရန် လိုအပ်ပါသည်။ လက်တွေ့နယ်ပယ်တွင် အမှန်တကယ်ကြုံတွေ့ရမည့် စစ်မှန်သော ပြဿနာများကို ချဉ်းကပ်၍ အုပ်စုဖွဲ့ သင်ယူလေ့လာ ဖြေရှင်းနည်းများကို အလေးပေးလာပြီဖြစ်ပါသည်။ ထို့ကြောင့် ဆေးပညာသင်ကြားရေးတွင် Lecture ဖြင့် ဆရာက တိုက်ရိုက်သင်ကြားခြင်း နည်းလမ်းထက် ပြဿနာအခြေပြု သင်ယူစေခြင်း (Problem Based Learning)၊ *စာမျက်နှာ ၁၁ သို့*

> ✻ **ဆေးပညာဘာသာရပ်သည် လူ့အသက်များနှင့် တိုက်ရိုက်ဆက်စပ်နေသော ပညာရပ်ဖြစ်သည့်အားလျော်စွာ လေ့ကျင့်မွေးထုတ်လိုက်သော လူ့စွမ်းအားများအားလုံးတွင် လုံလောက်သောစွမ်းရည်၊ ကျွမ်းကျင်မှုနှင့် ကျင့်ဝတ်များ ပြည့်စုံနေစေရန် အထူးလိုအပ်လှပါသည်။ ထိုသို့မွေးထုတ်ရန်မှာ အရည်အသွေးပြည့်ဝ ကျွမ်းကျင်သော ဆရာ ဆရာမများ၊ လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်ရန် သင်ကြားရေးဆေးရုံကြီးများ၊ သင်ကြားရေးအထောက်အကူပစ္စည်းများ ပြည့်စုံရန်လိုအပ်**

*စာမျက်နှာ ၉ မှ*

MDA သည် ၎င်း၏ ပြင်းထန်သော အာရုံစူးစိုက်မှုဆိုင်ရာ ဂုဏ်သတ္တိများနှင့် စိတ်ကြွစေသော အာနိသင်များကြောင့် လူသိများပြီး MDMA သည် ၎င်း၏ ခံစားရစေသော ခံစားမှုနှင့် ပျော်ရွှင်ဖွယ် အတွေ့အကြုံများအတွက် အသိအမှတ်ပြုထားသည်။ ဒြပ်စင်နှစ်ခုစလုံးသည် အာရုံကြောထုတ်လွှတ်မှုစနစ်များ အထူးသဖြင့် serotonin များအပေါ် သိသိသာသာသက်ရောက်မှု ရှိနိုင်ပြီး ကြာရှည်စွာ သို့မဟုတ် ပြင်းထန်စွာအသုံးပြုခြင်းသည် ဆိုးကျိုးများ ဖြစ်နိုင်ခြေကို တိုးစေနိုင်သည်။ သတိလစ်ခြင်း၊ မူးဝေခြင်း၊ တက်ခြင်း၊ အထိတ်တလန့်တိုက်ခိုက်ခံရခြင်း၊ သွေးတိုးခြင်းနှင့် ချွေးအလွန်အမင်းထွက်ခြင်းတို့ ဖြစ်စေနိုင်ပါသည်။ မူးယစ်ဆေးအဆိပ်သင့်မှုသည် ဆေးပမာဏ၊ သောက်သုံးမှုအကြိမ်၊ နောက်ဆက်တွဲအမူအကျင့်များနှင့် အခြားအရာများ ကွဲပြားနိုင်ပါသည်။

1–Phenyl–2–Propanone (၁–ဖီနိုင်းလ်–၂–ပရိုပန်နုန်း) $C_9H_{10}O$ သည် အော်ဂဲနစ် ပျော်ရည်များတွင် ပျော်ဝင်နိုင်သော အရောင်မဲ့အဆီဖြစ်သည်။ 1–Phenyl–2–Propanone ကို ဆေးပေါင်းစက်ရုံများမှ Amphetamine၊ Methamphetamine နှင့် Propanehaxidrine ထုတ်လုပ်ရန် အချို့သော ဘေးထွက်ပစ္စည်းများ၊ သန့်စင်သောဓာတုဆေးရည်များ ပေါင်းစပ်ထုတ်လုပ်ရာတွင် အသုံးပြုသည်။ Amphetamine၊ Methamphetamine နှင့် အချို့သော ၎င်းတို့၏ ဘေးထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင် တရားမဝင်အသုံးပြုသည်။

Piperonal (ပိုင်ပရိုနယ်လ်) $C_8H_6O_3$ သည် ပန်းနံ့ရသည့် အရောင်မဲ့ပုံဆောင်ခဲဖြစ်ပြီး ယင်းကို အမွှေးနံ့သာများ၊ ချယ်ရီနံ့၊ ဗင်နီယာရန့်များ၊ အော်ဂဲနစ်ဓာတုပစ္စည်းများနှင့် ခြင်နိုင်ဆေးရည်များ ထုတ်လုပ်ရာတွင် တစ်စိတ်တစ်ပိုင်းအဖြစ် သုံးပြီး သန့်စင်ဆေးရည်များ ပေါင်းစပ်ထုတ်လုပ်ရာတွင်လည်း အသုံးပြုသည်။ Amphetamine၊ MDA (3,4–Methylenedioxyamphetamine)၊ MDE၊ MDMA၊ Normalhydroxydine၊ Amphetamine (N–OM MDA) အစရှိသည့် စိတ်ကြွဆေးများ၊ စိတ်ပြောင်းဆေးဝါးများ ထုတ်လုပ်ရာတွင် တရားမဝင် အသုံးပြုကြပါသည်။

**အက်စီတုန်းကို အသုံးများသော ဓာတ်ခွဲခန်းသုံး ဓာတုဆေးရည်များနှင့် ဓာတုပစ္စည်းများ၊ ဆေးဝါးထုတ်သည့်စက်ရုံများ၊ ဘိန်းစမ်းသပ်စစ်ဆေးရာတွင် လည်းကောင်း၊ အလှဆီ၊ ကလိုရိုဖောင်း ထုတ်လုပ်ရာတွင် ဆက်စပ်အသုံးပြုသည်။ အချိုရည်အမျိုးမျိုး၊ ဆေးဝါးများနှင့် ပိုးသတ်ဆေးများ၊ သုတ်ဆေးများ၊ အရောင်တင်ဆီသုတ်ဆေးများ၊ ပလတ်စတစ်များ၊ ရော်ဘာများ ထုတ်လုပ်ရာတွင် အသုံးများသည်**

Pseudoephedrine (ဆူဒိုအက်ဖီဒရင်း) $C_{10}H_{15}NO$ မှာ ပုံဆောင်ခဲအမှုန့်ဖြစ်ပြီး Ephedrine (အက်ဖီဒရင်း)နှင့်တူသည်။ Streao Isomer တစ်ခုဖြစ်ပြီး Ephedrine နှင့်အတူ ပူးတွဲတွေ့ရသည်။ အသက်ရှူလမ်းကြောင်း သန့်ရှင်းစေသောဆေးဝါးနှင့် နှာခေါင်းသွေးလျှံသော ရောဂါကာကွယ်ဆေးများ၊ ပန်းနာရင်ကျပ်နှင့် အအေးမိရောဂါ ကုသဆေးများ ထုတ်လုပ်ရာတွင် အသုံးပြုပြီး နှလုံးရောဂါ၊ သွေးတိုး ရောဂါ၊ ဆီးချိုရောဂါ၊ သိုင်းရွိုက်ရောဂါများ ကုသရာတွင် သုံးသည်။ Amphetamine၊ Methamphetamine နှင့် Phencyclidine ထုတ်လုပ်ရာတွင်လည်း တရားမဝင်အသုံးပြုကြပါသည်။

Safrole (ဆာဖရိုးလ်) $C_{10}H_{10}O_2$ သည်အရောင်မဲ့ ဆီအရည်ဖြစ်ပြီး ယင်းကို အမွှေးနံ့သာပစ္စည်း (ဥပမာ– Piperonal) ထုတ်လုပ်ရာတွင်လည်းကောင်း၊ Root Beer၊ ဝီကော၊ သွားတိုက်ဆေး၊ ဆပ်ပြာပြုလုပ်ရာတွင်သုံးသည့် ဖန်တီးထားသော ဓာတုဗေဒအဆီများ ထုတ်လုပ်ရာတွင်လည်းကောင်း၊ အချို့သော ဆေးဝါးပြင်ဆင်ရာတွင် ဖြည့်စွက်ပစ္စည်းအဖြစ် လည်းကောင်း၊ အင်းဆက်သတ်ဆေး Piperronyl Butaoxide ပေါင်းစပ်မှုတွင် ရှေ့ပြေးအဖြစ်လည်းကောင်း အသုံးပြုသည်။ စိတ်ကြွဆေးပြား Amphetamine၊ MDA (3,4–Methylenedioxyamphetamine)၊ MDE, MDMA (3,4–Methylenedioxymethamphetamine)၊ Normalhydroxydine, Amphetamine (N–OM MDA) တို့ တရားမဝင် ထုတ်လုပ်ရာတွင်လည်း အသုံးပြုသည်။

Acetic Anhydride (အက်စစ်တစ်အင်ဟိုက်ဒရိုက်) $C_4H_6O_3$ သည် အရောင်မရှိ၊ အက်စစ်နံ့စူးရှသည့် မီးလောင်လွယ်သောအရည်ဖြစ်သည်။ Chloroform နှင့် Ether တွင် ပျော်ဝင်သည်။ အငွေ့သည် အသက်ရှူလမ်းကြောင်း၊ အရေပြားနှင့် မျက်စိတို့ကို ထိခိုက်စေသည်။ Acetone Compound ကို ဓာတုပစ္စည်းနှင့် ဆေးဝါးစက်ရုံများတွင် Cellulose Acetate ထုတ်လုပ်သည်။ ချည်မျှင်အမျိုးမျိုး၊ အအေးခံချွတ်ဆေး၊ သတ္တုပစ္စည်းအရောင်တင်ခြင်း၊ အရည်များခွဲခြားစစ်ယူခြင်း၊ Nitrate ပစ္စည်းကဲ့သို့ Nitric Acid နှင့်ပေါင်းစပ်ခြင်း၊ ဆိုးဆေးများ၊ ပေါက်ကွဲစေတတ်သောပစ္စည်းများ ထုတ်လုပ်ခြင်း၌ အသုံးပြုသည်။ တရားမဝင် အသုံးပြုပုံမှာ Heroin ထုတ်လုပ်ရာတွင် ဓာတ်ပြုရာ၌ အသုံးပြုသည်။ Methaqualone နှင့် Mecloqualone ထုတ်လုပ်သည်။ M–acetyl–Anthranilic၊ Alpha–Methyl Phetanine၊ 1–Phenyl–2– Propanone (P2P) ထုတ်လုပ်ရာတွင် ဓာတ်ပြုစေသည်။

Acetone (အက်စီတုန်း) $C_3H_6O$ သည် အရောင်မရှိ၊ အနံ့စူးရှ၍ ချိုသောအရသာရှိသော အရည်ဖြစ်ပြီး မီးလောင်လွယ်သဖြင့် မီးလောင်နိုင်သော ပစ္စည်းများနှင့် ဝေးဝေးတွင် ထားရသည်။ ရေနှင့် Chloroform တို့ဖြင့် ရောနှောနိုင်သည်။ ခဲတံ၊ ဘောလ်ပင်၊ ရေယွန်နှင့် ပလတ်စတစ်ပစ္စည်းများနှင့် ထိတွေ့ပါက ပျော်ပြီး ပျက်စီးနိုင်ပါသည်။ အက်စီတုန်းကို အသုံးများသော ဓာတ်ခွဲခန်းသုံး ဓာတုဆေးရည်များနှင့် ဓာတုပစ္စည်းများ၊ ဆေးဝါးထုတ်သည့်စက်ရုံများ၊ ဘိန်းစမ်းသပ်စစ်ဆေးရာတွင် လည်းကောင်း၊ အလှဆီ၊ ကလိုရိုဖောင်း ထုတ်လုပ်ရာတွင် ဆက်စပ်အသုံးပြုသည်။ အချိုရည်အမျိုးမျိုး၊ ဆေးဝါးများနှင့် ပိုးသတ်ဆေးများ၊ သုတ်ဆေးများ၊ အရောင်တင်ဆီသုတ်ဆေးများ၊ ပလတ်စတစ်များ၊ ရော်ဘာများ ထုတ်လုပ်ရာတွင် အသုံးများသည်။

ဟီးရိုးအင်း (Heroin) နှင့် ကိုကင်း (Cocaine) ထုတ်လုပ်ရာတွင် ဘိန်းနှင့် ကိုကာရွက်ကို Chloroform ဖြင့် ဓာတ်ပြုစေခြင်းဖြင့် အသုံးပြုပြီး Amphetamine နှင့် L.S.D ထုတ်လုပ်ရာ၌ တရားမဝင် အသုံးပြုကြပါသည်။ ကိုကင်းပျံ့နှံ့မှုမှာ အခြားမူးယစ်ဆေးများထက် ပိုများပြီး အမေရိကန်ပြည်ထောင်စုတွင် ပြုလုပ်ခဲ့သော လေ့လာမှုများအရ ကိုကင်းသည် အပျံ့နှံ့ဆုံးတရားမဝင် မူးယစ်ဆေးဝါးဖြစ်သည်။ ဒုတိယမှာ Cannabinoids ဖြစ်သည်ဟု ဆိုသော်လည်း အခြားနိုင်ငံများ၏ လေ့လာမှုများတွင် ကိုကင်းသည် ပျံ့နှံ့မှုနည်းပါးသည်ဟု သိရသည်။ အချို့က Cannabinoids သည် အပျံ့နှံ့ဆုံး မူးယစ်ဆေးဖြစ်ကြောင်း ဆိုထားသည်။

ဤကွာခြားချက်များသည် ယေဘုယျလူများတွင် တရားမဝင် မူးယစ်ဆေးဝါးသုံးစွဲမှု ကွဲပြားသည့်နှုန်းထားကြောင့်ဟု သတ်မှတ်၍မရပါ။ အဘယ်ကြောင့်ဆိုသော် အမေရိကန် နှင့် အခြားနိုင်ငံများတွင် ဆေးခြောက်သည် အသုံးအများဆုံးဖြစ်သည်ကို တွေ့ရသည်။ ။

---

*စာမျက်နှာ ၁၀ မှ*

အုပ်စုဖွဲ့လေ့လာအဖြေရှာသင်ယူနည်း (Team Based Learning)၊ ရောဂါအခြေပြုသင်ယူနည်း (Case Based Learning) များကို ဆေးပညာသင်ကြားရေးတွင် ပြောင်းလဲကျင့်သုံးလျက်ရှိနေပြီ ဖြစ်ပါသည်။

ထို့ပြင် Education 4.0 ဟုခေါ်သော နည်းပညာခေတ်တွင် ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence) သည်လည်း ဆေးပညာသင်ကြားရေး၊ ရောဂါရှာဖွေကုသရေးနှင့် သုတေသနနယ်ပယ်များတွင် ကျယ်ပြန့်စွာအသုံးပြုလာနေပြီဖြစ်ပါသည်။ ဆေးပညာသင်ကြားရေးတွင် ကျောင်းသားကျောင်းသူများအနေဖြင့် လိုအပ်သော လက်တွေ့လေ့ကျင့်မှုများကို လူနာများအပေါ် အန္တရာယ်ကျရောက်စေမှုမရှိဘဲ ကြိမ်ဖန်များစွာ လေ့ကျင့်နိုင်ရေးအတွက် အဆင့်မြင့်နည်းပညာဖြင့် ဖန်တီးထားသော High Fidelity Simulator ခေါ် လူနာအတုများကို တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်သကဲ့သို့ မြန်မာနိုင်ငံရှိ တက္ကသိုလ်/သင်တန်းကျောင်းများတွင်လည်း ဆေးပညာပုံတူပြုလေ့ကျင့်ရေးစင်တာ (Medical Simulation Center) များ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိနေပြီဖြစ်ပါသည်။

**ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲများ**

ထိုကဲ့သို့ ပြောင်းလဲတိုးတက်လာသော ဆေးပညာသင်ကြားရေးစနစ်များကို နိုင်ငံတကာနှင့်နည်းတူ မြန်မာနိုင်ငံတွင်လည်း မြှင့်တင်ပြောင်းလဲကျင့်သုံးနိုင်စေရန်အတွက် ဆေးပညာနှီးနှောဖလှယ်ပွဲ (National Medical Education Seminar) များ ကျင်းပ၍ တိုင်ပင်ဆွေးနွေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါသည်။ ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲများကို ၁၉၆၄ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၇၀ ပြည့်နှစ်တွင် ဒုတိယအကြိမ်၊ ၁၉၇၂ ခုနှစ်တွင် တတိယအကြိမ်၊ ၁၉၇၈ ခုနှစ်တွင် စတုတ္ထအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ပဉ္စမအကြိမ်၊ ၂၀၀၃ ခုနှစ်တွင် ဆဋ္ဌမအကြိမ်၊ ၂၀၀၈ ခုနှစ်တွင် သတ္တမအကြိမ်၊ ၂၀၀၉ ခုနှစ်တွင် အဋ္ဌမအကြိမ်၊ ၂၀၁၁ ခုနှစ်တွင် နဝမအကြိမ်၊ ၂၀၁၆ ခုနှစ်တွင် ဒသမအကြိမ်အထိ ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။

ဒသမအကြိမ်မြောက် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲမှ ချမှတ်ခဲ့သော လမ်းစဉ်များအရ ရလဒ်အခြေပြုဆေးပညာသင်ကြားရေးစနစ်ကိုအကောင်အထည်ဖော်ခဲ့ပြီး ဆေးတက္ကသိုလ်များတွင် မျှော်မှန်းရလဒ်အခြေခံသော စုစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်း (Outcome Based Integrated Curriculum) ဖြင့် ၂၀၁၉ ခုနှစ်တွင် လည်းကောင်း၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင် ရလဒ်အခြေပြုသင်ရိုးညွှန်းတမ်း (Outcome Based Curriculum)ဖြင့် ၂၀၁၈ ခုနှစ်တွင်လည်းကောင်း ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပြီးဖြစ်ပါသည်။

**အတူတကွလေ့လာသင်ယူ အပြန်အလှန်ပူးပေါင်းဆောင်ရွက်**

ထို့ပြင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်မလုံလောက်မှု၏ ဖြေရှင်းမှုနည်းလမ်းတစ်ခုအဖြစ် လည်းကောင်း၊ မတူကွဲပြားသော ကျန်းမာရေးဝန်ထမ်းအမျိုးအစားများအကြား အပြန်အလှန်ချိတ်ဆက်နားလည်မှု ကောင်းမွန်စွာဖြင့် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် လည်းကောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျန်းမာရေးဝန်ထမ်းများ အချင်းချင်းအတူတကွ လေ့လာသင်ယူခြင်းနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း (Interprofessional Education and Interprofessional Collaborative Practice) ကို ၂၀၁၀ ပြည့်နှစ်တွင် စတင်မိတ်ဆက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ထမ်းများအကြား Interprofessional Collaborative Practice ရရှိစေရန်အတွက် Interprofessional Education ကို ၂၀၁၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဗုန် ငါးခုဖြင့် အကောင်အထည်ဖော်ခဲ့ရာ ၂၀၂၃ ခုနှစ်တွင် ဗုန်များအားလုံးတွင် ဖော်ဆောင်ပြီးဖြစ်ပါသည်။ ယခုအခါ ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင် Interprofessional Education ကို ထည့်သွင်းသင်ကြားနေပြီဖြစ်ပါသည်။

**ရလဒ်အခြေပြုသင်ရိုးညွှန်းတမ်းများ မွမ်းမံပြင်ဆင်ရန်**

ယခု (၁၁) ကြိမ်မြောက် နှီးနှောဖလှယ်ပွဲကြီးကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့တို့တွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက ကြီးမှူး၍ ကျင်းပတော့မည်ဖြစ်ပါသည်။ ယခုနှီးနှောဖလှယ်ပွဲကြီးကို နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၏ တိုးတက်ပြောင်းလဲနေသော သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံ၏ ဆေးပညာနှင့် ဆေးပညာနှီးနွှယ်ပညာရပ်များ၏ သင်ကြားရေးတွင် လိုက်လျောညီထွေကျင့်သုံးနိုင်ရေးနှင့် သင်ကြားရေးစနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။ အခြေခံပညာရေးတွင် ပြောင်းလဲကျင့်သုံးလျက်ရှိသော KG+12 သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေစွာဖြင့် ဆေးနှင့် ဆေးပညာနှီးနွှယ်ပညာရပ်များ၏ သင်ရိုးညွှန်းတမ်းများကို ပြင်ဆင်မွမ်းမံနိုင်ရေးကိစ္စရပ်များ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဘွဲ့ကြို/ဘွဲ့လွန်ပညာရပ်များ၏ ရလဒ်အခြေပြုသင်ရိုးညွှန်းတမ်းများ မွမ်းမံပြင်ဆင်နိုင်ရေးကိစ္စရပ်များကို အဓိကဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခင်ကျင်းပခဲ့သည့် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲများမှ မြန်မာနိုင်ငံ၏ ဆေးပညာသင်ကြားရေးအတွက် ထိရောက်သော ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်၍ ပြောင်းလဲကျင့်သုံးခြင်းများ ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ယခုကျင်းပမည့် (၁၁) ကြိမ်မြောက် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲကြီးမှလည်း ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးကြမည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို အရည်အသွေးပြည့်ဝစွာ မွေးထုတ်နိုင်ရေးအတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော သင်ရိုးညွှန်းတမ်းများ၊ သင်ကြားရေးနည်းစနစ်များ၊ ဆန်းစစ်မှုစနစ်များကို မြှင့်တင်ပြောင်းလဲ ကျင့်သုံးနိုင်မည်ဟု အပြည့်အဝ ယုံကြည်မျှော်လင့်မိပါသည်။ ။

# ကန့်ကြီးထောင့်မြို့နယ်၌ ဒါးကမြစ်ရေမြင့်တက်၊ မိုးစပါး စိုက်ဧက ၃၈၀၀ ကျော် ရေနစ်မြုပ်

**ကန့်ကြီးထောင့် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ဒါးကမြစ်ရေမြင့်တက်မှုတို့ကြောင့် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၅ အုပ်စုရှိ တောင်သူများ၏ လယ်ယာမြေ ၃၈၈၉ ဧက ရေနစ်မြုပ်လျက်ရှိသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၃ အုပ်စုရှိသည့်အနက် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ဒါးကမြစ်ရေမြင့်တက်မှုတို့ကြောင့် ရပ်ကွက်/ ကျေးရွာအုပ်စု ၁၅ အုပ်စုရှိ တောင်သူပေါင်း ၈၄၄ ဦး၏ မိုးစပါး စိုက်ဧက ၃၈၈၉ ဧက ရေကြီးနစ်မြုပ်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင် ဦးဆောင်သော အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့အတူ နေ့စဉ်မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ဒါးကမြစ်ရေမြင့်တက်မှုတို့ကြောင့် ကန့်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာအနီး၊ (ပုသိမ်-ကြံခင်း) ရထားလမ်း မိုင်တိုင်အမှတ် (၁၇၁/၆) နှင့် (၁၇၁/၈) ကြားတွင် ရထားလမ်းရေကျော်လျက်ရှိကြောင်း သိရသည်။

ကျော်ဇင်စိုး (ပြန်/ဆက်)



## ကျုံပျော်၌ ဒါးကချောင်းရေကြီးမှုကြောင့် မိုးစပါး စိုက်ဧက ၁၀၀၀၀ ကျော် ရေဝင်နစ်မြုပ်

**ကျုံပျော် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ဒါးကချောင်းရေဝင်ရောက်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်သူများ၏ မိုးစပါးစိုက်ဧက ၁၀၀၀၀ ကျော်နှင့် လူနေအိမ်အချို့ ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။

ယခုရက်များအတွင်း နေ့စဉ် မိုးများ အဆက်မပြတ်ရွာသွန်းပြီး ဒါးကချောင်းရေ ဝင်ရောက်မှုများလာသောကြောင့် ဇူလိုင် ၂၈ ရက်အထိ မိုးစပါးစိုက်ဧက ၁၀၃၀၇ ဧက၊ ပီလောပီနံစိုက်ခင်း ၁၅ ဧကနှင့် ငှက်ပျောစိုက်ခင်း နှစ်ဧကတို့ ရေနစ်မြုပ်လျက်ရှိကြောင်း၊ စပါးစိုက်ခင်း ရေနစ်မြုပ်မှုအများစုမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒါးကချောင်းရေမြင့်တက်လာမှုကြောင့် ပင်လုံရပ်ကွက် သောင်တန်းလမ်းမှ နေအိမ် ၂၀ လုံး၊ အင်းရဲကျွန်းအုပ်စု ကျွန်းအင်းရွာမှ နေအိမ် ၁၆ လုံးနှင့် စာဖြူစုကျေးရွာမှ နေအိမ် ၂၈ လုံးတို့တွင် နေအိမ်အတွင်း ရေများဝင်ရောက်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများမှာ မြတ်ချမ်းသာဘုရားဓမ္မာရုံနှင့် ရေဘေးလွတ်ရာနေရာများတွင် သွားရောက်ခိုလှုံလျက်ရှိသည်။ အဆိုပါ ရေဘေးရှောင် အိမ်ထောင်စုများအား ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် မြို့နယ် ရေဘေးကူညီရေး အဖွဲ့များက ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများ ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## ကျောင်းကုန်းမြို့၌ ဒါးကမြစ်ရေကြီး အခြေခံပညာကျောင်း ၄၇ ကျောင်း ယာယီပိတ်

**ကျောင်းကုန်း ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ဒါးကမြစ်ရေမြင့်တက်လာခဲ့ရာ ယနေ့မှစ၍ စာသင်ကျောင်း ၄၇ ကျောင်း ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းကုန်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်း ၃၂ ကျောင်း၊ မူလတန်းလွန်ကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်း (ခွဲ) သုံးကျောင်းနှင့် အထက်တန်းကျောင်း လေးကျောင်း၊ စုစုပေါင်းအခြေခံပညာကျောင်း ၄၇ ကျောင်း ယာယီပိတ်ထားရပြီး ပြည်သူများအနေဖြင့် ဘေးလွတ်သည့် ယာယီခိုလှုံရာနေရာ ၁၃ ခုတို့၌ ပြောင်းရွှေ့နေကြကြောင်း သိရသည်။

ဝင်းကြိုင် (ပြန်/ဆက်)



## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

**ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-**

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သောဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

## ထန်းတပင်မြို့နယ်၌ မြစ်ရေကြီး၍ စာသင်ကျောင်း ၂၅ ကျောင်း ယာယီပိတ်

**ထန်းတပင် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ မိုးရွာသွန်းမှုနှင့်မြစ်ရေမြင့်တက်မှုများကြောင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၁ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လေးကျောင်းကို ဇူလိုင်၂၉ ရက်မှ စတင်၍ ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြစ်ရေမြင့်တက်လာမှုကြောင့် ထန်းတပင်မြို့နယ်အတွင်းရှိ မူလတန်းကျောင်း ၁၅ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ မူလတန်းလွန်ကျောင်းနှစ်ကျောင်း၊ အထက်တန်းကျောင်း (ခွဲ) တစ်ကျောင်း၊ အထက်တန်းကျောင်းနှစ်ကျောင်းအပါအဝင် အခြေခံပညာကျောင်း ၂၁ ကျောင်းနှင့် အဂ္ဂပါရမီ၊ သီရိမင်္ဂလာကျိုက်ထီးရိုး၊ သာခုဓမ္မနှင့်ပုညကာရီ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လေးကျောင်းတို့အတွင်း ရေဝင်ရောက်ခြင်းကြောင့် ယာယီပိတ်ထားရခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဇင်မင်းထိုက် (ထန်းတပင်)

## ကြံခင်းမြို့၌ မြစ်ရေကြီးမှုကြောင့် ယာယီပိတ်ထားသည့် အခြေခံပညာကျောင်း ခြောက်ကျောင်းပြန်ဖွင့်

**ကြံခင်း ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်သဖြင့် ဇူလိုင် ၁၆ ရက်တွင် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းခြောက်ကျောင်းကို ယနေ့နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ကြံခင်းမြို့နယ်တွင် ယခုအခါ ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းသဖြင့် အထက(ခွဲ) ကရင်စု၊ အလက (ရေလယ်ကျွန်း)၊ အမက (သောကြာဒူး)၊ အမက(အလယ်ကျွန်း)၊ အမက(ကျွန်းကြီး)နှင့် အမက (ကျောက်စရစ်ကုန်း) ကျောင်းများကို ဇူလိုင် ၂၉ ရက်တွင် ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မြဝတီ ရေဘေးသင့်ပြည်သူများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့

**မြဝတီ ဇူလိုင် ၂၉**

ကရင်ပြည်နယ် မြဝတီမြို့၌ မိုးအဆက်မပြတ်ရွာခဲ့သဖြင့် ဇူလိုင် ၂၅ ရက်မှစ၍ သောင်ရင်းမြစ်ရေကြီးမှုကြောင့် ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးရှောင်စခန်း ၁၁ ခုသို့ ပြောင်းရွှေ့နေရာချထားပြီးနောက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးကြောင်း သိရသည်။

အဆိုပါရေဘေးကယ်ဆယ်ရေးစခန်း ၁၁ ခုရှိ လူဦးရေ ၄၉၈၅ ဦးအတွက် ဇူလိုင် ၂၇ ရက်တွင် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဉာဏ်မြင့်နှင့်အဖွဲ့ဝင်များနှင့် စခန်းတာဝန်ခံများက အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန် ၇၃၀၅ ပြည်နှင့် ဆီ ၆၁၄ ပိဿာ



ကိုလည်းကောင်း၊ ဇူလိုင် ၂၈ ရက်တွင် စခန်းခုနစ်ခုရှိ လူဦးရေ ၁၂၇၈ ဦးအတွက် ငါးသေတ္တာဘူး ၁၁၀၀၊ ဟင်းခတ်မှုန့်ထုပ် ၂၀ နှင့် ရေသန့်ဘူး ၇၄၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး အလားတူ ဒေသခံပြည်သူများကလည်း လာရောက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

# တရုတ်နိုင်ငံ ဖူကျန်းပြည်နယ်၌ တိုင်ဖွန်းမုန်တိုင်းဂေမီကြောင့် ဘေးသင့်သူ ၇၆၆၀၀၀ ကျော်ရှိ

**ဖူကျို့ ဇူလိုင် ၂၉**

ယခုနှစ်၏ တတိယမြောက် တိုင်ဖွန်းမုန်တိုင်း ဂေမီကြောင့် တရုတ်နိုင်ငံ အရှေ့ဘက် ဖူကျန်းပြည်နယ် ဒေသခံ ၇၆၆၉၀၀ ကို ဘေးသင့်ခဲ့ပြီး ယွမ် ၁ ဒသမ ၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၂၄ ဒသမ ၃၅ သန်းခန့်) တိုက်ရိုက်စီးပွားရေး ဆုံးရှုံးမှုရှိခဲ့ကြောင်း သိရသည်။

လတ်တလောတွင် အဆိုပါ မုန်တိုင်းကြောင့် ထိခိုက်သေဆုံးမှုနှင့်ပတ်သက်ပြီး အစီရင်ခံစာ လက်ခံရရှိခြင်းမရှိသေးကြောင်း ပြည်နယ် ရေကြီးရေလျှံမှုကာကွယ်ရေးနှင့် ထိန်းချုပ်ရေးရုံးက တနင်္လာနေ့တွင် ပြောသည်။ တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ဖူကျန်းပြည်နယ်၌ အန္တရာယ်ရှိသော ဒေသများမှ လူပေါင်း ၃၁၂၇၀၀ ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် လူပေါင်း ၆၉၄၀၀ ပါဝင်သော ကယ်ဆယ်ရေးအသင်းအဖွဲ့ ၂၇၆၃ ဖွဲ့ ကို စေလွှတ်ထားကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်းသည် ဖူကျန်းပြည်နယ် ဒေသအများအပြား၌ မိုးသည်းထန်စွာ ရွာသွန်းမှုကို ဖြစ်ပေါ်စေပြီး ကြာသပတေးနေ့မှ တနင်္ဂနွေနေ့အထိ မြစ် ၁၇ ခုမှ မြစ်ရေလျှံမှုများလည်း ဖြစ်ပွားခဲ့သည်။ တိုင်ဖွန်းမုန်တိုင်းကြောင့် ပြတ်တောက်မှုဖြစ်ပွားသည့် ဓာတ်အားလိုင်းအားလုံးကို ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ဆက်သွယ်ရေး ကွန်ရက်များမှာ ပုံမှန်အတိုင်းရှိကြောင်း သိရသည်။ **ဆင်ဟွာ**



## ရေကြောင်းလုံခြုံရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် Quad နိုင်ငံခြားရေးဝန်ကြီးများ သဘောတူ

**တိုကျို ဇူလိုင် ၂၉**

ဂျပန်၊ အမေရိကန်၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် ပင်လယ်ရေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းရေးနှင့် ခိုင်မာအားကောင်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြကြောင်း သိရသည်။

အဆိုပါ လေးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် တနင်္လာနေ့က ဂျပန်နိုင်ငံ တိုကျိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဂျပန်နိုင်ငံ၌ Quad အဖွဲ့၏ ထိပ်တန်းသံတမန်များ တွေ့ဆုံမှုမှာ လေးနှစ်အတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။

ဂျပန်နိုင်ငံခြားရေး ဝန်ကြီး ကာမိကာဝါ ယိုကိုက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်၊ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်နှင့် အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီး ဆူဗရတ်မန်ယမ် ဂျာရှန်ကာတို့ တက်ရောက်ခဲ့သည်။



အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ။

ဆွေးနွေးပွဲတွင် လေးနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးများသည် ၎င်းတို့ နိုင်ငံများအနေဖြင့် ဆိုက်ဘာလုံခြုံရေး အပါအဝင် ဒေသတွင်း စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရေးကို အတည်ပြုခဲ့သည်။

ထို့ပြင် Open RAN ဟုခေါ်သော ဆက်သွယ်ရေးကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီရန်လည်း သဘောတူခဲ့ကြသည်။ Quad ဝန်ကြီးများသည် တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အာဖဂန် ယာယီဒုတိယဝန်ကြီးချုပ် အီရန်နိုင်ငံသို့ သွားရောက်

**ကဘူးလ် ဇူလိုင် ၂၉**

အာဖဂန်အိမ်စောင့်အစိုးရ နိုင်ငံရေးရာ ယာယီဒုတိယဝန်ကြီးချုပ် မော်လဝီ အဗ္ဗဒူကာဘီရ်သည် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ကဘူးလ်မြို့မှ အီရန်နိုင်ငံသို့ ဇူလိုင် ၂၉ ရက်တွင် ထွက်ခွာသွားကြောင်း ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

၎င်း၏ သုံးရက်ကြာ ခရီးစဉ်အတွင်း ကာဘီရ်က အီရန်သမ္မတသစ် မာဆွတ်ပီဇက်ရှ်ကီယန်၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်မည့်အပြင် စီးပွားရေးနှင့်နိုင်ငံရေးရာ ဆက်ဆံရေးတိုးမြှင့်ရန် ကြိုးပမ်းမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရန် အီရန်တာဝန်ရှိသူများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ယာယီဒုတိယဝန်ကြီးချုပ်သည် တီဟီရန်သို့ ရောက်ရှိနေစဉ်အတွင်း အီရန်နိုင်ငံတွင် ရောက်ရှိနေသည့် အာဖဂန်ဒုက္ခသည်များဆိုင်ရာ ပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးသွားဖွယ်ရှိကြောင်း၊ ထို့ပြင် အခြားနိုင်ငံများမှ ကိုယ်စားလှယ်များ၊ သံတမန်များနှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ခြောက်လအတွင်း အစာအဆိပ်သင့်သူ ၂၀၀၀ ကျော်ရှိ

**ဟနွိုင်း ဇူလိုင် ၂၉**

ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ယခုနှစ် ပထမခြောက်လအတွင်း အစာအဆိပ်သင့်မှု ၃၆ မှု ဖြစ်ပွားခဲ့ပြီး လူပေါင်း ၂၁၃၈ ဦး နှင့် သေဆုံးသူ ခြောက်ဦးရှိကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဇူလိုင် ၂၉ ရက်တွင် ဖော်ပြသည်။

အဆိုပါ ပမာဏမှာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ရောဂါဖြစ်ပွားမှုအကြိမ်ရေ လေးဆလျော့ကျခဲ့သော်လည်း အစာအဆိပ်သင့်သူဦးရေ ၁၄၃၂ ဦးအထိ တိုးလာကြောင်း ဆပ်ခိုးအန်ဒွိုင်ဆောင်သတင်းစာတွင် ဖော်ပြသည်။

စက်ရုံများ၊ ကုမ္ပဏီစားဖိုဆောင်များ၊ ကျောင်းစားသောက်ဆိုင်များနှင့် စာသင်ကျောင်းများအနီးရှိ စားသောက်ဆိုင်များမှ အစားအသောက်များကြောင့် မကြာသေးမီက အစုလိုက် အပြုံလိုက် အဆိပ်သင့်မှု ဖြစ်ပွားခြင်းများ တိုးလာနေကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒိုရွှမ်တုရန်က ပြောကြားသည်။

အဏုဇီဝ ပိုးမွှားများနှင့် သဘာဝအဆိပ်များသည် အစာအဆိပ်သင့်ခြင်း၏ အဓိက အကြောင်းရင်းများ ဖြစ်ပြီး သဘာဝအဆိပ်နှင့် အရက်အဆိပ်သင့်ခြင်းသည် လူများ ထိခိုက်သေဆုံးစေသည့် အဓိက အကြောင်းရင်း ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ဆန်းစစ်ချက်အရ သိရသည်။ **ဆင်ဟွာ**





## ဂျပန်နိုင်ငံ အလယ်ပိုင်း၌ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်

**တိုကျို ဇူလိုင် ၂၉**

ဂျပန်နိုင်ငံ အလယ်ပိုင်း ရှီဇိုကာခရိုင်တွင် တနင်္လာနေ့ နံနက်ပိုင်းက အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်အထိရှိခဲ့ကြောင်း သိရသည်။ လေဖိအားမြင့် ရပ်ဝန်းတစ်ခုကြောင့် ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် နေသာသော ရာသီဥတုဖြစ်ထွန်းပြီး နံနက်ပိုင်းကတည်းက အပူချိန်မြင့်တက်ခဲ့ကြောင်း ဂျပန်မိုးလေဝသ တာဝန်ရှိသူများက ပြောသည်။

ရှီဇိုကာခရိုင် ဟာမာမတ်စုမြို့ရှိ အပူချိန်မှာ နံနက် ၁၁ နာရီ မိနစ် ၄၀ နောက်ပိုင်း ၄၀ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ ရှိခဲ့ကြောင်း၊ နံနက် ၁၁ နာရီ ခွဲမတိုင်မီတွင် တိုချီဂီခရိုင် ဆာနိုမြို့ရှိ အပူချိန်မှာ ၃၈ ဒသမ ၇ ဒီဂရီ၊ ဂွန်းမခရိုင် ကျီယူမြို့ရှိ အပူချိန်မှာ ၃၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ ရှိခဲ့ကြောင်း သိရသည်။ ခရိုင် ၄၇ ခုအနက် ၃၈ ခုတွင် အပူလျှပ်မှု သတိပေးချက်များကို ထုတ်ပြန်ထားသည်။

**အင်န်အိတ်ချ်ကေ**

# ရေကြီးရေလျှံမှုကြောင့် ရေတိုက်စားကမ်းပြိုမှုကာကွယ်ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စုရှိ ကျေးရွာများနှင့် ရေကြီးရေလျှံမှု ကာကွယ်ရေးတာများ ရေတိုက်စားကမ်းပြိုမှု ကာကွယ်ထိန်းသိမ်းရန် အစီအမံများနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အလုပ်ရုံ ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးများ၊ ကျွမ်းကျင်ပညာရှင်များ၊ ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် တက္ကသိုလ်များမှ အရာထမ်း ဆရာ၊ ဆရာမများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက မြစ်ချောင်းများအတွင်း သဲနုန်းများ ပို့ချမှုများကြောင့် သဲသောင်များဖြစ်ထွန်းခြင်းသည် မြစ်ကြမ်းပြင်ကို မြင့်တက်စေကာ မြစ်ချောင်းများ တိမ်ကောမှု ပိုမိုဖြစ်လာစေသည့် အချက်များဖြစ်သော မြစ်ချောင်းများ၏ အကျယ် ပိုမိုကျယ်ပြန့်လာခြင်း၊ ရေလမ်းကြောင်းများ ပိုမိုခွဲဖြာစီးဆင်းလာခြင်း စသည့်ဖြစ်စဉ်များ ဖြစ်ပေါ်ကာ အကျိုးဆက်အနေဖြင့် ရေတိုက်စားကမ်းပြိုကမ်းစားမှုများနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်များကို ဖြစ်ပေါ်လာစေကြောင်း။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ဧရာဝတီမြစ်၏ မြစ်ရေလမ်းကြောင်း ပြောင်းလဲမှု၊ ရေတိုက်စားကမ်းပြိုမှုများ၏ အကျိုးဆက်ကိုခံစားရသည့် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ဧရာဝတီမြစ်ကမ်း တစ်လျှောက်တွင် ထိခိုက်မှုအနည်းဆုံးဖြင့် ရေရှည်ထိန်းသိမ်းရေး အစီအမံများချမှတ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပညာရှင်များကို ဖိတ်ကြား ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်ထိခိုက်ပျက်စီးမှုနည်းစေမည့် ရေလမ်းကြောင်းကောင်းမွန်ရေး အကောင်းဆုံး အစီအမံများကို ဖော်ထုတ်ဆောင်ရွက်သွားနိုင်ရန် ကျွမ်းကျင်ပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရေလမ်းဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေ တိုက်စားခံရမှုနှင့် ဆောင်ရွက်ထားမှု၊ ဟသ်ာတရေလမ်း ကောင်းမွန်ရေး ဆောင်ရွက်မှု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာအနီး ကမ်းပြိုကမ်းစားမှု ဖြစ်စဉ်များနှင့် ရေဘေးကာကွယ်ရေး ဖြတ်တာများ တည်ဆောက်မှု၊ ရေတိုက်စားကမ်းပြိုမှုကြောင့် ထိခိုက်မှုများနှင့် မြေနေရာချထားမှုတို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရေရှည်တွင် ထိခိုက်မှုအနည်းဆုံး ဆောင်ရွက်သင့်သည့် အစီအမံ (၃) ခုကို တင်ပြရာ ယင်းအစီအမံများအပေါ် ပညာရှင်များနှင့် တက်ရောက်လာကြသူများက အဖွဲ့များစုဖွဲ့၍ စားပွဲဝိုင်းဆွေးနွေးခြင်း၊ စံနှုန်းအမျိုးမျိုးဖြင့် ဆန်းစစ်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အဖွဲ့အလိုက် ဆွေးနွေးအကြံပြုကြသည်။

ပညာရှင်များနှင့် တက်ရောက်လာကြသူများ၏ အကြံပြုချက်များ၊ ဆွေးနွေးချက်များ၊ ဆန်းစစ်ချက်များအပေါ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အနှစ်ချုပ် သုံးသပ်တင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အကြံပြုသုံးသပ် ဆွေးနွေးသည်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်ကြီးနားမှ ညောင်တုန်းအထိ အလျား ၂၁၇၀ ကီလိုမီတာရှိပြီး ရေလမ်းပိုင်းများတွင် ၁၉၈၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ နှစ်ပေါင်း ၃၀ အတွင်း မြစ်ရေတိုက်စားမှုနှင့် မြစ်ကြောင်းပြောင်းလဲမှုများကို Satellite Images များအသုံးပြုပြီး လေ့လာတွေ့ရှိချက်များအရ ကမ်းပြိုမှုဖြစ်ပွားသည့် အလျား ကီလိုမီတာ ၇၀၀ ခန့်ရှိခဲ့ပြီး စိုက်ပျိုးမြေအပါအဝင် မြေဧက စုစုပေါင်း ၁၂၅၈၆၈ ဧကခန့် ဆုံးရှုံးသွားခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်တွင်းကုမ္ပဏီ ၅၈ ခုတို့က ထုတ်လုပ်သည့် ဓာတ်မြေဩဇာ ၁၄၅ မျိုးနှင့် ပြည်ပမှ တင်သွင်းမည့် ဓာတ်မြေဩဇာ ၂၇၈ မျိုး စိစစ်

**နေပြည်တော် ဇူလိုင် ၂၉**

စားရေရိက္ခာ ဖူလုံပိုလျှံစေရန်နှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် လယ်ယာလုပ်ငန်းခွင်တွင် အရည်အသွေးကောင်းမွန်ပြည့်ဝသည့် စိုက်ပျိုးရေး သွင်းအားစုများကို တောင်သူများ စနစ်တကျအသုံးပြုနိုင်စေရေးအတွက် ဓာတ်မြေဩဇာ မှတ်ပုံတင်လျှောက်ထားခြင်း၊ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုပ်ပိုးခြင်း၊ သိုလှောင်ဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ငန်းများအပေါ် ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းကျောင်းကြပ်မတ်လျက်ရှိရာတွင် မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့က လိုအပ်သော နည်းပညာဆိုင်ရာအချက်အလက်များ စိစစ်ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ မြေဩဇာများ၏ အရည်အသွေးပြည့်မီမှု ရှိ မရှိ OGA Approval ပေးခြင်း ကိစ္စရပ်များကိုလည်း အကောက်ခွန် ဦးစီးဌာန၏ MACCS System နှင့် ချိတ်ဆက်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။



ယခုကာလသည် နိုင်ငံတစ်ဝန်း၌ ရေကြီးရေလွှမ်းခြင်း ဖြစ်စဉ်များရှိနေသဖြင့် သီးနှံစိုက်ခင်းများ ထိခိုက်မှုရှိလာနိုင်ကြောင်း၊ အဆိုပါထိခိုက်မှုများအပေါ် သွင်းအားစုဓာတ်မြေဩဇာများကို အသုံးပြု၍ပြန်လည်ကုစားနိုင်ရေးကို မိမိတို့ ကျွမ်းကျင်သည့် နည်းပညာရပ်များ အသုံးချဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မြေအမျိုးအစား သီးနှံအမျိုးအစားပေါ်မူတည်၍ အကျိုးရှိ အထိရောက်ဆုံး သုံးစွဲနိုင်မည့် ဓာတ်မြေဩဇာ အမျိုးအစားနှင့် အချိုးအဆကို တောင်သူများ စနစ်တကျအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ အလားတူ ဓာတ်မြေဩဇာဈေးနှုန်းတည်ငြိမ်ရေးနှင့် အရည်အသွေးပြည့်ဝရေးကို သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းထိန်းကျောင်းပေးရန် လိုအပ်ကြောင်း ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့၏ (၄၃) ကြိမ်မြောက် အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးတွင် တိုးဒေသကြီး ပြည်နယ်ခြောက်ခုရှိ ကုမ္ပဏီ ၅၈ ခုတို့က ထုတ်လုပ်သော ဓာတ်မြေဩဇာ ၁၄၅ မျိုးနှင့် ပြည်ပမှ တင်သွင်းမည့် ဓာတ်မြေဩဇာ ၂၇၈ မျိုးတို့၏ အချက်အလက်များကို နည်းပညာရှုထောင့်မှ စိစစ်သုံးသပ်ဆွေးနွေးကြပြီး မြေဩဇာကော်မတီသို့ ဆက်လက် ပေးပို့တင်ပြနိုင်ရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# EPS - TOPIK ကုန်ထုတ်လုပ်ငန်း(ဒုတိယအသုတ်) နှင့် ဆောက်လုပ်ရေး လုပ်ငန်းအတွက် အလုပ်လျှောက်လွှာသက်တမ်းတိုးခေါ်ယူ

**ရန်ကုန် ဇူလိုင် ၂၉**

၂၀၂၃ ခုနှစ် ကိုရီးယားဘာသာအရည်အချင်းစစ် (EPS–TOPIK) စာမေးပွဲ ကုန်ထုတ်လုပ်ငန်း ဒုတိယအသုတ်နှင့် ဆောက်လုပ်ရေးလုပ်ငန်း ဖြေဆိုအောင်မြင်ပြီး အလုပ်ရှင်ရွေးချယ်ခံရခြင်းမရှိသေးသူများအတွက် သက်တမ်းတိုး လျှောက်လွှာထုတ်ပေး/လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီအလုပ်သမားညွှန်ကြားရေးဦးစီးဌာနက အသိပေးကြေညာထားသည်။

ထို့ကြောင့် မိမိတို့လက်ကိုင်ဖုန်းမှတစ်ဆင့် ID/Password ဖြင့် ကြည့်၍ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ သက်တမ်းကုန်မည့်သူများသာ အလုပ်လျှောက်လွှာ တင်သွင်းရမည်ဖြစ်ပြီး ယင်းနေ့ရက်နောက်ပိုင်း သက်တမ်းကုန်ဆုံးမည့်သူများအား အလုပ်လျှောက်လွှာသက်တမ်းတိုးရမည့်နေ့ရက်ကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်၌ ပါရှိသည်။

ယင်းအတွက် ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် အလုပ်လျှောက်လွှာထုတ်ပေးခြင်း ဆောင်ရွက်မည်ဖြစ်ပြီး ဩဂုတ် ၁၄ ရက်မှ ၁၅ ရက်အထိ အလုပ်လျှောက်လွှာလက်ခံမည်ဖြစ်ကာ အလုပ်ရှင်ရွေးချယ်ခံရခြင်းမရှိသူများသာ အလုပ်လျှောက်လွှာတင်သွင်းရန်လည်း ပါရှိသည်။

အလုပ်လျှောက်လွှာအား ကာယကံရှင်ကိုယ်တိုင် နိုင်ငံကူးလက်မှတ်၊ စာမေးပွဲဖြေဆိုသည့် ဖြတ်ပိုင်းများနှင့်အတူ ပြသထုတ်ယူရမည်ဖြစ်ပြီး စာမေးပွဲလျှောက်လွှာတင်သွင်းခဲ့သည့် ဓာတ်ပုံ၊ နိုင်ငံကူးလက်မှတ်တွင်ပါရှိသည့် ဓာတ်ပုံနှင့် ယခုအလုပ်လျှောက်လွှာတင်သွင်းသည့် ဓာတ်ပုံတို့သည် တစ်ဦးတည်းသာဖြစ်ရမည်ဟု သိရသည်။

အလုပ်လျှောက်လွှာနှင့်အတူ နိုင်ငံကူးလက်မှတ် မူရင်းနှင့်ကာလာမိတ္တူ၊ ပတ်စ်ပို့ဓာတ်ပုံ (၃) ပုံ၊ (ဆေးသားကောင်းမွန်ပြီးနောက်ခံအဖြူရောင် ၃.၅စင်တီမီတာ *၄၅စင်တီမီတာ၊ ကျန်းမာရေးစစ်ဆေးချက် မှတ်တမ်းမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ကိုယ်ပိုင်စာရင်း Bank Account ဖော်ပြရမည်ဖြစ်သဖြင့် နိုင်ငံပိုင်/ပုဂ္ဂလိကဘဏ်တစ်ခုခုတွင် နိုင်ငံကူးလက်မှတ်ပါအမည်အတိုင်း ဖွင့်လှစ်ထားသည့် ကိုယ်ပိုင် ဘဏ်ငွေစာရင်းစာအုပ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူနှင့် ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်ဖူးခြင်း ရှိ/မရှိ မှန်ကန်စွာဖြည့်စွက်ရန်နှင့် သွားရောက်ခဲ့ဖူးပါက ကိုရီးယားသမ္မတနိုင်ငံ၌ လုပ်ကိုင်ခဲ့သည့်အလုပ်အကိုင်အမျိုးအစားနှင့်လုပ်ငန်းစိပ်၊ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့သည့် ခုနှစ်၊လ၊ ရက်တို့ကို ပြည့်စုံမှန်ကန်စွာ စာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

MT

# သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ကျောက်မီး) ပန်းမြိုင်လယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲတွင် သစ်တောသစ်ပင်၏ အကျိုးကျေးဇူးများ၊ သစ်တောသစ်ပင်ပြုစုထိန်းသိမ်းခြင်း နည်းလမ်းများ၊ သစ်တောဦးစီးဌာနမှ လုပ်ကိုင်နေသော သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများအကြောင်းကို ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးစံ၊ တောအုပ်ကြီး ဦးရေခဲ၊ ဦးဗိုလ်ဝင်း၊ ဦးဆန်းဦးနှင့် ဦးမြင့်ရွှေတို့က ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၁၈၂ ဦးတို့ကို အသိပေးဟောပြော ဆွေးနွေးသည်။ ဟောပြောပွဲအပြီးတွင် အခြေခံပညာအထက်တန်းကျောင်း (ကျောက်မီး) ကျောင်းဝင်းအတွင်း ခရေပင် ၃၀၊ ကံ့ကော် ငါးပင်၊ ရင်းမာ ၁၀ ပင်၊ ပိတောက် ငါးပင်၊ စုစုပေါင်း အပင် ၅၀ ကို ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

# ဆော်ဒီအာရေဗျနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဇူလိုင် ၂၉

**နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည့်တိုင် မြန်မာသံရုံး၊ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးနှင့် သက်ဆိုင်ရာသံရုံးများချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မသူဇာမိုးအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံး အနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသား အကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မသူဇာမိုးသည် ဇူလိုင် ၂၈ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ ဒေသစံတော်ချိန် ည ၈ နာရီတွင် ထွက်ခွာပြီး ဒူဘိုင်း၊ နယူးဒေလီ လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ယနေ့မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မသူဇာမိုးသည် ရန်ကုန်မြို့မှ အေးဂျင့်၏ ပို့ဆောင်ပေးမှုဖြင့် ဆော်ဒီအာရေဗျနိုင်ငံ ဒူဘိုင်းမြို့သို့ အလုပ်လုပ်ကိုင်ရန် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ရောက်ရှိခဲ့ပြီး ထိုအေးဂျင့်ရုံး၌ ရက် ၂၀ ခန့် နေထိုင်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် Tourism ဗီဇာဖြင့် ရီရတ်ဒ်မြို့ရှိ အလုပ်ရှင်နေအိမ်၌ တစ်လလျှင် ဆော်ဒီရီရယ် ၁၂၀၀ ဖြင့် အလုပ်လုပ်ကိုင်ခဲ့ရာ ခြောက်လကျော်ကြာမြင့်ခဲ့ပြီး မိသားစုထံသို့ လစာပေးပို့ရာတွင် အေဂျင်စီက လွှဲပြောင်းပေးပို့ခြင်း မရှိခဲ့ကြောင်း၊ အိမ်ရှင်နှင့်အဆင်မပြေမှုကြောင့် နေအိမ်မှ သုံးကြိမ်တိုင် ထွက်ပြေးခဲ့ဖူးပြီး အိမ်ရှင်မှ ဆက်ဆံရေးပိုမိုဆိုးရွားလာခဲ့ရာ ကိုယ်ထိလက်ရောက် ကျူးရန်ခြင်းကို ကြုံတွေ့လာရကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် သုံးလွှာတိုက် နေအိမ်အပေါ်ထပ်မှ ထွက်ပြေးရန်ကြိုးစားစဉ် ပြတင်းပေါက်မှ ပြုတ်ကျခဲ့ရာ ခါးကိုထိခိုက်မိခဲ့ပြီး အိမ်ရှင်က မြန်မာသံရုံးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ မြန်မာသံရုံးအနေဖြင့် မသူဇာမိုးအား သံရုံးဝင်းအတွင်း အဆောက်အအုံငယ်တွင် ထားရှိ၍ နေရာထိုင်ခင်းနှင့်စားသောက်ရေးအပြင် ဆေးဝါးနှင့်လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ကောင်းမွန်စွာစောင့်ရှောက်ပေးခဲ့ကြောင်း၊ မြန်မာသံရုံးအနေဖြင့် မသူဇာမိုးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြန်လည်ထွက်ခွာခွင့် (Exit Permit) ရရှိခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း။




ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့် စပ်လျဉ်း၍ မသူဇာမိုးက "ကျွန်မက ပခုက္ကူမြို့ သဖန်းပင်ရွာမှာနေပါတယ်။ မြန်မာပြည်ကနေ စင်ကာပူ၊ စင်ကာပူကနေ ဒူဘိုင်း၊ ရီရတ်ဒ်မြို့ကို ရောက်သွားပါတယ်။ ရီရတ်ဒ်က အလုပ်ရှင်အိမ်မှာ ကလေးသုံးယောက်ကို ထိန်းရတယ်၊ အိမ်အလုပ်တွေ လုပ်ရတယ်။ အလုပ်ပင်ပန်းပြီး အိပ်ချိန်နည်းတာကြောင့် အိပ်ရေးမဝတဲ့ဒဏ်ကို ခံရတယ်။ အိမ်ကိုလစာလွှဲတာလည်း မရောက်ဘူး။ အလုပ်ခြောက်လခွဲမှာ လေးလစာပဲရခဲ့တယ်။ အထူးသဖြင့် ပင်ပန်းတဲ့ဒဏ်ကို မခံနိုင်တာရယ်၊ မိမိလုပ်အားခ အပြည့်အဝမရတာကြောင့် အိမ်ရှင်ကို ပြန်ချင်တယ်ပြောတော့ မရခဲ့ပေမယ့် နောက်ဆုံး ခါးကိုထိခိုက်မိပြီး နောက်ပိုင်းမှာ မြန်မာသံရုံးကို အိမ်ရှင်က လိုက်ပို့ပေးပါတယ်။ ကျွန်မကိုကိုယ့်မိသားစုလိုနွေးနွေးထွေးထွေးနဲ့ ကူညီစောင့်ရှောက်ပေးကြတဲ့ သံအမတ်ကြီး၊ သံမှူးကြီးနဲ့ ဝန်ထမ်းအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီနေရာကနေ လက်ဆယ်ဖြာမိုးပြီး ကန်တော့ပါတယ်။ ကျွန်မတို့ကို ဝင်ငွေကောင်းတယ်ဆိုပြီး သူတစ်ပါး ပြောဆိုစည်းရုံးမှုနဲ့ နားယောင်မိခဲ့တဲ့အတွက် ပြည်ပမှာ ဒုက္ခမျိုးစုံကြုံခဲ့ရတာမျိုး အခြားသူတွေ မကြုံစေလိုပါဘူး။ တကယ်ကြမ်းတမ်းပါတယ်။ မသွားစေလိုပါဘူး။ သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ဖို့တိုက်တွန်းလိုပါတယ်။ အခုလို အမိနိုင်ငံသားတစ်ဦး အခက်အခဲကြုံတွေ့နေချိန်မှာ အားပေးကူညီဆောင်ရွက်ပေးကြတဲ့ မြန်မာသံရုံးနဲ့ နိုင်ငံတော်ကအကြီးအကဲများအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်ရှင်" ဟု ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့် အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှုမရှိသည့်အပြင် ဒူဘိုင်း အေဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိသည်။ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အနေဖြင့်လည်း အရှေ့အလယ်ပိုင်းနိုင်ငံများကို နှစ်နိုင်ငံ သဘောတူညီချက်အရ တရားဝင် အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင် အလုပ်လုပ်ကိုင်ရှာဖွေရေး အေဂျင်စီများမှ လိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြားမမျှော်မှန်းနိုင်သောအန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ရေမခြားမြေခြား၊ ယဉ်ကျေးမှု မတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့် နေရာများသို့ ရောက်ရှိနေပါက အကူအညီရရှိရန် အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏ အခြေအနေမှန်အား လေ့လာသိရှိထားရန် လိုအပ်ကြောင်း အကြံပြု အသိပေး ထုတ်ပြန်ထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

**ညိမ်းသူ(သတင်းစဉ်)**

---

❍ *ကျောဖုံးမှ*

အထက်ပါ သဘာဝဘေး အန္တရာယ်ကြောင့် ရထားလမ်းနှင့် တံတားများပေါ်ရှိ သံလမ်းမျက်နှာပြင်အထက် ကိုးလက်မကျော် ရေကျော်နေသဖြင့် မြန်မာ့မီးရထားအနေဖြင့် ဇူလိုင် ၂၈ ရက်က ရန်ကုန်-မန္တလေး လမ်းပိုင်း၌ အဆန်အထူးရထား ခရီးသည် ၁၀၆ ဦးကို ပဲခူးမှ ပဲနွယ်ကုန်းဘူတာအထိ RBE ရထားတွဲဆိုင်းဖြင့် ပြောင်းရွှေ့ပေးပြီး အမှတ် ၁၂ အစုန်ရထား တွဲဆိုင်းဖြင့် မန္တလေးသို့ပို့ဆောင်ပေးခြင်း၊ အမှတ် ၁၂ အစုန်ရထားစီးခရီးသည် ၁၁၆ ဦးကို အဆိုပါ RBE တွဲဆိုင်းဖြင့် ပဲနွယ်ကုန်းဘူတာမှ ပို့ဆောင်ပြီး ဘုရားကြီးဘူတာမှ တစ်ဆင့် မော်တော်ယာဉ်ကြီး နှစ်စီးဖြင့် ရန်ကုန်ဘူတာသို့ ဆက်လက်ပို့ဆောင်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ အလားတူပင် မော်လမြိုင်မှ ထွက်ခွာလာသည့် အမှတ် ၈၂ အစုန်အမြန်ရထားဖြင့် လိုက်ပါလာသော ခရီးသည် ၄၆၃ ဦးကို ပဲခူးဘူတာမှ RBE ရထားတွဲဆိုင်းဖြင့် ကလိဘူတာသို့ သွားရောက်ခေါ်ယူပြီးနောက် ပဲခူးဘူတာမှ တစ်ဆင့် အထူးရထားတွဲဆိုင်းဖြင့် ညပိုင်းတွင် ရန်ကုန်ဘူတာအထိ ဆက်လက် ပို့ဆောင်သယ်ယူပေးခဲ့သည်။

မြန်မာ့မီးရထား အနေဖြင့် ဇူလိုင် ၂၉ ရက် ယနေ့နံနက်ပိုင်းတွင် ရေတိုင်းထွာချက်များအရ ပဲခူးဘူတာယာဒ်ဝင်း အတွင်း၌ ရထားစကြိုသံလမ်း၏ မျက်နှာပြင်အထက် ၁၀ လက်မခန့်အထိ ရေကျော်နေခြင်း၊ ရန်ကုန်-မန္တလေး ရထားနှင့် ရန်ကုန်-မော်လမြိုင် ရထားတို့ ဖြတ်သန်းသည့် ပဲခူးနှင့် ဘုရားကြီး၊ ပဲခူးနှင့်ကလိဘူတာတို့ အကြား ရထားလမ်းပိုင်းရှိတံတား အမှတ်၆၀ ပေါ်တွင်သံလမ်းမျက်နှာပြင်အထက် ၁၅ လက်မခန့် ရေကျော်နေခြင်း တို့ကြောင့် ရထားများ ဖြတ်သန်းနိုင်သည့် အခြေအနေမရှိသဖြင့် လမ်းပိုင်းပိတ်ကာ ရန်ကုန်-မန္တလေး ရထားခရီးစဉ်များ၊ ရန်ကုန်-မော်လမြိုင် ရထားခရီးစဉ်များကို ယာယီဖျက်သိမ်းထားကြောင်း သိရသည်။

ထို့အပြင် ရောဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်-ဟင်္သာတ-ကြံခင်းရထားလမ်းပိုင်း တစ်လျှောက် နေရာ ၁၃ နေရာတွင် ရထားလမ်းတာပေါင်နှင့် တံတားများပေါ်၌ ရေ ကိုးလက်မကျော်ခန့် ဖြတ်ကျော် စီးဆင်းနေသောကြောင့် မြန်မာ့မီးရထားအနေဖြင့် ဇူလိုင် ၂၇ ရက်မှစတင်၍ လူစီးရထားခရီးစဉ်များကို ယာယီဖျက်သိမ်းထားရသည်။



မြန်မာ့မီးရထား အနေဖြင့် ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည့် သဘာဝဘေး အန္တရာယ်ကြောင့် ယာယီပိတ်ထားရသည့် ရေကျော်စီးဆင်းနေသော နေရာများတွင် ရေကင်းစောင့်ဝန်ထမ်းများ တာဝန်ချထား၍ စောင့်ကြည့်ခြင်း၊ ရေများ ပြန်လည် ကျဆင်းသွားပါက လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ ချက်ချင်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ကျောက်ကြီးများ၊ လမ်းခင်းကျောက်များ၊ ဇလီဖားများအား အဆင်သင့်စုပုံခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရထားလမ်းပိုင်းနှင့် တံတားများ စစ်ဆေးပြုပြင်ပြီးပါက ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲခြင်းကို စီစဉ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၀ ဦး တွေ့ရှိ

(၂၉-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၁-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၁,၇၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

---

❋ *ကျောဖုံးမှ*

နံနက် ၈ နာရီ မိနစ် ၅၀ တွင် ကာရီမာအန်တလာအသင်း၊ ဩဂုတ် ၂၁ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် ဘာဆာရာဟိုဂို လူငယ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၂ အသင်းသည် ယှဉ်ပြိုင်ပွဲယှဉ်ပြိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုမှ ကစားသမားများပါဝင်သည့် လူရွေးပွဲကျင်းပပြီးနောက် ပဏာမကစားသမား ၂၈ ဦး ရွေးချယ်ကာ မန္တလေးမြို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးမင်းသူက ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၂ အသင်းသည် ဩဂုတ်လဆန်းပိုင်းတွင် ရန်ကုန်မြို့၌ ဆက်လက်လေ့ကျင့်မည်ဖြစ်ပြီး အပြီးသတ်ကစားသမား ၁၈ ဦး ရွေးချယ်မည်ဖြစ်သည်။

မြန်မာ ယူ-၁၂ အသင်းသည် ယှဉ်ပြိုင်ပွဲတွင် ၂၀၂၃ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြီးခဲ့သည့်ပြိုင်ပွဲတွင် ဥရောပနာမည်ကြီးကလပ် ဘာစီလိုနာလူငယ်အသင်းနှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

**ညီမြတ်သော်တာ**

# ဇီးကုန်းမြို့နယ်၌ စမုန်နက်နှမ်းကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် ဝင်ငွေရလျက်ရှိ

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆီထွက်သီးနှံ တစ်မျိုးဖြစ်သော နှမ်းသီးနှံကို ယခုနှစ်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလာကြောင်း၊ ဇီးကုန်းမြို့နယ်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးကြိုနှမ်းစိုက်ပျိုးရန် လျာထားဧက ၁၅၂၀ ဖြစ်ပြီး ဇွန်လကုန်အထိ ၉၀၁ ဧက စိုက်ပျိုးပြီးစီးကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးနှမ်းစိုက်ပျိုးသည့် တောင်သူများအနေဖြင့် မိုးကြိုနှမ်းကို မေလတွင် စတင်စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် စတင်ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် စမုန်နက်နှမ်းမျိုးကို အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မိုးနှမ်းတစ်ဧကလျှင် မျိုးဝယ်ယူမှုအတွက် ကုန်ကျစရိတ်၊ ထယ်ထိုးခ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အလုပ်သမားခအပါအဝင် စုစုပေါင်း ငွေကျပ် ၃၆၅၀၀၀ ကုန်ကျကြောင်း သိရသည်။

ယခင်နှစ်တွင် စမုန်နက်နှမ်း တစ်ဧကလျှင် ပျမ်းမျှ ၁၀ တင်းခန့်ထွက်ရှိ၍ နှမ်းသစ်ပေါ်ချိန် စမုန်နက်နှမ်းတစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၅၄၀၀၀၀ ခန့် ရရှိခဲ့ကြောင်း နှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (ပဲခူး)**



## ရွှေဖရုံသီးစိုက်တောင်သူများ ဈေးကောင်းရ၍ အဆင်ပြေ

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်၌ ရွှေဖရုံသီးကို ကိုယ်တိုင်စားသုံးရန်နှင့် ရောင်းချရန်အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးလျက်ရှိပြီး မျိုးအနေဖြင့် ပြည်ပမျိုးများကို အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

ရွှေဖရုံသီးသည် ပူနွေးသော ရာသီဥတုတွင် ပိုမိုဖြစ်ထွန်းသော်လည်း အသင့်အတင့်အေးမြသော ရာသီဥတုတွင်လည်း စိုက်ပျိုးနိုင်ကြောင်း၊ ရွှေဖရုံသီးစိုက်ပျိုးပြီး ရက် ၁၀၀ မှ ၁၂၀ အကြာတွင် အသီးရင့်မှည့်၍ စတင်ခူးဆွတ်နိုင်ပြီး တစ်ဧကလျှင် အလုံးရေ ၁၅၀၀ မှ ၂၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ရွှေဖရုံသီးတစ်လုံးလျှင် အရွယ်အစား အကြီးအသေးအပေါ်မူတည်၍ လက်လီဈေးနှုန်း ငွေကျပ် ၁၂၀၀ မှ ၁၅၀၀၊ လက်ကားဈေးနှုန်း ငွေကျပ် ၈၀၀ မှ ၁၀၀၀ ဖြင့်လည်းကောင်း၊ ရွှေဖရုံအညွန့်တစ်စည်းလျှင် လက်လီဈေးနှုန်း ငွေကျပ် ၁၅၀၊ လက်ကားဈေးနှုန်း ငွေကျပ် ၁၀၀ ဖြင့် လည်းကောင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရွှေဖရုံသီးနှင့် ရွှေဖရုံညွန့်များကို ဒေသတွင်းမြို့နယ်များနှင့် ကုန်စိမ်းဒိုင်များမှတစ်ဆင့် ရန်ကုန်တည်းကုန်းဈေးသို့တင်ပို့ရောင်းချလျက်ရှိပြီး ရွှေဖရုံသီးစိုက်တောင်သူများ ဈေးကောင်းရရှိ၍ အကျိုးအမြတ် ရလျက်ရှိကြောင်း သိရသည်။ **DOCA(ပဲခူး)**



## ပခုက္ကူဈေးကွက်၌ အရောင်းအဝယ်ဖြစ်နေသော ကုလားပဲဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ကုလားပဲဝါလုံးကြီး (929)၊ ကုလားပဲဝါ (HL)နှင့် ကုလားပဲဖြူလုံးကြီး (V2/ V6) တို့ကို ပခုက္ကူကျွန်းနယ်များဖြစ်သော ပခုက္ကူကျွန်း၊ လေးလံကျွန်း၊ မြင်းကျွန်း၊ သဘော်ကုန်ကျေးရွာ၊ ကုက္ကိုလ်လှကျေးရွာ၊ ကျွန်းဦး၊ ကျွန်းညိုရွာများတွင် အဓိကစိုက်ပျိုးပြီး တစ်ရက်လျှင် အိတ်ရေ ၅၀ မှ ၁၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဈေးနှုန်းများအနေဖြင့် ဇူလိုင်လ စတုတ္ထပတ်တွင် ကုလားပဲဖြူလုံးကြီး (V2) တစ်တင်းလျှင် ငွေကျပ် ၇၉၅၀၀၊ ကုလားပဲဖြူ(V6) တစ်တင်းလျှင် ငွေကျပ် ၈၂၀၀၀၊ ကုလားပဲဝါ(929) တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀၊ ကုလားပဲဝါ(HL) တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန်မြို့သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း ပခုက္ကူဈေးကွက်မှ သိရသည်။ **DOCA(မကွေး)**



### ၂၉.၇.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၉၂ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၅၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၉၀၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၂၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၇၀၀၀ | ၆၁၃၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၅၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၆၄၇၅ | ၁၃၀၀၀ | ၃၀၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၂၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၉၀၀၀ | ၅၈၈၅ | ၉၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၈၀၀၀ | ၅၅၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၆၁၅၀ | ၅၅၀၀ | ၂၆၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၅၀၀ | ၆၇၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၇၅၀၀ | ၆၃၃၅ | ၁၂၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၅၅၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၇၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၃၈၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၂၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၂၄၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၆၂၄၅ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၀၀၀ | ၁၃၂၀၀ | ၇၅၀၀ | ၇၂၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၈၀၀ | ၅၂၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၄၀၀ | ၆၂၄၅ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၃၄၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀ | ၈၄၀၀ | ၆၄၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၆၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၅၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျုံးအတွင်းရေဖြည့်သွင်းနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး



မန္တလေး ဇူလိုင် ၂၉

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကျုံးအတွင်းသို့ရေဖြည့်သွင်းနိုင်ရန် စီစဉ်ဆောင်ရွက်နေသည့်လုပ်ငန်းများအနက် အောင်မြေသာစံမြို့နယ်ရှိ အမရဋ္ဌာနီအနောက်ရပ်ကွက်၊ လမ်း ၈၀ နှင့် ၁၀ လမ်းထောင့်ရှိ ပိုက်လိုင်းမှကျုံးအတွင်း ရောဝတီမြစ်ရေဖြည့်သွင်းရန် ဆောင်ရွက်နေမှုနှင့် ပုလဲငွေရောင်ရပ်ကွက်၊ လမ်း ၈၀၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ စာတိုက်ကြီး ရေပေးဝေရေးဝင်း စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တိုင်းဒေသကြီး စည်ပင်သာယာရေးရာဝန်ကြီး ဦးကျော်ဆန်းက ၁၂ လက်မ ရေပိုက်လိုင်းကြီးများ သွယ်တန်း၍ ဧရာဝတီမြစ်ရေရယူပြီး ကျုံးအတွင်းရေဖြည့်သွင်းနိုင်ရန် နှင့် မန္တလေးတောင်ပေါ်သို့ ရေပို့လွှတ်စနစ် အလှည့်ကျဆောင်ရွက်နိုင်ရန် ဂိတ်ဘားများ၊ ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ တပ်ဆင်သွယ်တန်းနေမှု အခြေအနေများကိုလည်းကောင်း၊ စာတိုက်ကြီးရေပေးဝေရေးဝင်းအတွင်း အချင်း ၁၂ လက်မ စက်ရေတွင်း လေးတွင်း တူးဖော်၍ ကျုံးအတွင်းသို့ ရေဖြည့်သွင်းရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန၊ ဌာနမှူး ဦးထွန်းဝင်းက ရေအရင်းအမြစ်မျိုးစုံမှ ရေများရယူ၍ ရေတွန်းစက်ရုံများမှတစ်ဆင့် မြို့နေလူထု သောက်သုံးရေအတွက် နေ့စဉ်ရေဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် ကျုံးအတွင်း ရေဖြည့်သွင်းနိုင်ရန် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျုံးအတွင်း ရေဖြည့်သွင်းခြင်းလုပ်ငန်းအမြန်ဆုံး စတင်ဆောင်ရွက်သွားရန်နှင့် မြို့နေလူထု သောက်သုံးရေရရှိရေး အလေးအနက်ထား ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ဝန်ကြီးချုပ် စစ်တွေမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ(မကျည်းမြိုင်) ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေး၊ သက္ကယ်ပြင်တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ ဇူလိုင် ၂၉**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ (မကျည်းမြိုင်) သို့ သွားရောက်ပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။



ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား ကျန်းမာရေးအသိပညာပေးဟောပြောနေမှုကို လှည့်လည်ကြည့်ရှု အားပေးပြီး ကျောင်းအတွက်ရေသန့်ဆေးပြားများကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် သက္ကယ်ပြင်တိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေကြသော လူနာများအား လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ကျန်းမာရေးဝန်ထမ်းနှင့် တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည်ဆေးကုသမှုခံယူနေကြသော လူနာများအား အာဟာရဖြည့်စွက်စာများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ကျန်းမာရေးဝန်ထမ်း များအား စားသောက်ဖွယ်ရာ များကို ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သက္ကယ်ပြင် IDP စခန်းသို့သွားရောက်ပြီး စခန်းအတွင်း နေထိုင်ကြသူများအား ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မိုးရာသီကာလတွင်ဖြစ်ပွားမှုများသော ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ သောက်သုံးရေများတွင် ရေသန့်ဆေးပြားများ ခတ်ထည့်နေမှုကို ကြည့်ရှုအားပေးကာ ရေသန့်ဆေးပြားများ ခတ်ထည့်ပေးခဲ့ကြပြီး IDP စခန်းအတွင်း နေထိုင်ကြသူများနှင့် ကျေးရွာများတွင် နေထိုင်ကြသူများအတွက် ရေသန့်ဆေးပြားများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သက္ကယ်ပြင် IDP စခန်းအတွင်း နေထိုင်ကြသူများအား ကျန်းမာရေးဝန်ထမ်းများက မိုးရာသီကာလတွင်ဖြစ်ပွားမှုများသည့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရမည့် အချက်များ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသိပညာပေးဟောပြောနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြကြောင်းသတင်းရရှိသည်။

**တင်ထွန်း (ပြန်/ဆက်)**

**ဓာတ်ပုံ – ဝင်းမင်းစိုး**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တိုက်ကြီးမြို့နယ် ရေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများပေးအပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များသည် ယမန်နေ့က တိုက်ကြီးမြို့နယ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဥတိုစိုက်ပျိုးမွေးမြူရေး စခန်းတွင် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာန တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရေဘေးသင့် ပြည်သူများထံ အခြေခံစားသောက်ကုန်ပစ္စည်းများ လိုက်လံပေးအပ်နိုင်ရေး တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တိုက်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ခင်ခင်အိ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက အခြေခံစားသောက်ကုန်ပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ ရေကြီးနစ်မြုပ်နေသည့် ကျေးရွာများရှိ ဒေသခံပြည်သူများ လက်ဝယ်အရောက် အခြေခံစားသောက်ကုန်ပစ္စည်းများအား တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံပေးအပ်မှု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ပရဟိတအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက် ပေးနေမှုများနှင့် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပြီး လိုအပ်သည့်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြကြသည်။



ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သောက်ရေ၊ သုံးရေများရရှိရေး ဆောင်ရွက်ပေးရန်၊ ဖွဲ့စည်းထားရှိသည့် အဖွဲ့ငယ်များသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အန္တရာယ်မဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ အဖွဲ့များအနေဖြင့် ဆက်သွယ်ရေးစနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်မည့် အခြေခံစားသောက်ကုန်ပစ္စည်းများ ထုပ်ပိုးနေမှုများအား ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** ရေကြီးနစ်မြုပ်နေသည့် လှိုင်ကျေးရွာရေဘေးသင့် ပြည်သူများထံသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ စက်လှေများဖြင့် ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးအပ်သည့် နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## MNL ပြိုင်ပွဲတွင် မြဝတီကို သရေကစားပြီး ရခိုင်ယူနိုက်တက် ပထမဆုံး ရမှတ်ရရှိ

**ရန်ကုန် ဇူလိုင် ၂၉**

၂၀၂၄ – ၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) နောက်ဆုံးနေ့ကို ဇူလိုင် ၂၉ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ မြဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ဂိုးမရှိ သရေကျခဲ့သည်။

ယခုရာသီတွင် ရှန်းကန်နေရသည့် ရခိုင်ယူနိုက်တက်အသင်းသည် သုံးပွဲဆက်ရှုံးနိမ့်နေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ပထမဆုံး ရမှတ် ရယူနိုင်ခဲ့သည်။ မြဝတီအသင်းသည် ပွဲစဉ် (၃) တွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သလို ယခုပွဲတွင်လည်း သရေတစ်မှတ် ရယူနိုင်ခဲ့သည်။ နှစ်သင်းစလုံး ခြေစွမ်းအရကွာခြားမှုမရှိသလို အမှတ်လိုနေသည့် နှစ်သင်းတွေ့ဆုံနေသောကြောင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ဂိုးသွင်းခွင့်များလည်း အပြန်အလှန်ရရှိခဲ့သည်။ **ရဲရင့်လွင်**

# တယ်လီဂရမ်အက်ပ်မှ ဆိုက်ဘာလုံခြုံရေး အားနည်းချက်နှင့်စပ်လျဉ်း၍ MMCERT က သတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၉**

အန်းဒရွိုက်ဖုန်းနှင့် တက်ဘလက်များအတွက် တယ်လီဂရမ်အက်ပလီကေးရှင်းဗားရှင်း Version 10.14.0 မှ 10.14.4 အထိတွင် အန္တရာယ်ရှိသော လုံခြုံရေးအားနည်းချက်ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါအားနည်းချက်သည် အက်ပလီကေးရှင်း၏ Video Handler အစိတ်အပိုင်းရှိ Input ထည့်သွင်းခြင်း အမှားတစ်ခုကြောင့်ဖြစ်ကာ ဟက်ကာများအား အဝေးမှ တိုက်ခိုက်ခြင်းကို ဆောင်ရွက်စေနိုင်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့ MMCERT က ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ အားနည်းချက်ကြောင့် အက်ပလီကေးရှင်း သုံးစွဲသူမသိရှိဘဲ အဖျက်အမှောင့် App များကို ဖုန်းတွင် အလုပ်လုပ်နိုင်စေရန်အတွက် ဟက်ကာများအား ဗီဒီယိုဖိုင်များကို စိတ်ကြိုက်စီမံခွင့်ပြုစေပြီး သုံးစွဲသူ၏ အချက်အလက်များအပေါ် ကြီးမားသော ခြိမ်းခြောက်မှုဖြစ်စေနိုင်ကြောင်း၊ ဟက်ကာများသည် အထူးပြုလုပ်ထားသော ဗီဒီယိုဖိုင်များကို ပို့ခြင်းဖြင့် ဤအားနည်းချက်ကို တိုက်ခိုက်နိုင်ပြီး အဆိုပါဗီဒီယိုဖိုင်အား ဖွင့်ရန်ဆောင်ရွက်သည့်အချိန်တွင် အဖျက်အမှောင့်ကုဒ်များကို လုပ်ဆောင်စေကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါတိုက်ခိုက်မှုမှ လျော့ပါးစေရေးအတွက် တယ်လီဂရမ် အက်ပလီကေးရှင်း အသုံးပြုသူများအနေဖြင့် ယင်းအားနည်းချက် ဖြေရှင်းပေးနိုင်သည့် တယ်လီဂရမ်ဗားရှင်း 10.14.5 သို့ ချက်ချင်းအပ်ဒိတ်လုပ်ရန်၊ မီဒီယာဖိုင်များကို အလိုအလျောက် ဒေါင်းလုပ်ဆွဲခြင်းကို ပိတ်ထားရန်၊ မိမိတို့၏ အသိအကျွမ်းများထံမှဖြစ်စေကာမူ ဗီဒီယိုဖိုင်များကို လက်ခံရရှိချိန်တွင် သတိထားရန်နှင့် နောက်ထပ်ဆော့ဖ်ဝဲများ သို့မဟုတ် ဗီဒီယိုပလေယာများကို Install ပြုလုပ်ရန် တောင်းဆိုသည့်အချက်များကို စစ်ဆေးရန် စသည့်အချက်များကို MMCERT က အကြံပြုထားသည်။




ဤလုံခြုံရေး အားနည်းချက်ကြောင့် ဖြစ်ပေါ်လာသော တိုက်ခိုက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ဆက်သွယ်တိုင်ကြားလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့၏ ဖုန်းနံပါတ် ဖြစ်သော ၀၆၇-၃၄၂၂၂၇၂ သို့ ဖုန်းဆက်၍ဖြစ်စေ၊ infoteam@mmcert.org.mm နှင့် incident@ncsc.gov.mm တို့သို့ အီးမေးလ်ပေးပို့၍ဖြစ်စေ တိုင်ကြားနိုင်ကြောင်းလည်း MMCERT က ကြေညာထားသည်။

**ကိုစိုး**

# ဂူဂယ်လ်နှင့်အပြိုင်ဖြစ်လာနိုင်မည့် ရှာဖွေရေးအင်ဂျင်ကို ChatGPT က စတင်မိတ်ဆက်

**ရန်ကုန် ဇူလိုင် ၂၉**

နာမည်ကျော် AI နည်းပညာလုပ်ငန်းဖြစ်သည့် Open AI သည် ရှာဖွေရေးအင်ဂျင်လောကသို့ စတင်ဝင်ရောက်သည့်အနေဖြင့် ၎င်း၏ပထမဆုံး ရှာဖွေရေးအင်ဂျင်ဖြစ်သည့် SearchGPT ကို ဇန်နဝါရီ ၂၆ ရက်တွင် စတင်မိတ်ဆက်လိုက်ရာ နိုင်ငံတကာမှ ကျွမ်းကျင်သူများက SearchGPT သည် လက်ရှိရှာဖွေရေး အင်ဂျင်လောကတွင် လူသုံးအများဆုံးဖြစ်သည့် Google Search နှင့်အပြိုင် ဖြစ်လာနိုင်ကြောင်း သုံးသပ်နေကြသည်။




SearchGPT ကို ကမ္ဘာတစ်ဝန်းမှ စမ်းသပ်အသုံးပြုသူ လူဦးရေ ၁၀၀၀၀ ကိုသာ စတင်မိတ်ဆက် အသုံးပြုခွင့်ပေးထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ အသုံးပြုသူများ အပါအဝင် အခြားသော စမ်းသပ်သုံးစွဲလိုသူများအနေဖြင့် https://chatgpt.com/search လင့်ခ်သို့ ဝင်ရောက်၍ စာရင်းပေးထားခြင်းဖြင့် စောင့်ဆိုင်းရမည်ဖြစ်သည်။

SearchGPT သည် ယခုအချိန်တွင် ရှေ့ပြေး ပုံစံတစ်ခုသာဖြစ်ကြောင်း၊ SearchGPT ဝန်ဆောင်မှုကို GPT-4 AI မော်ဒယ်များဖြင့် မောင်းနှင်ထားကြောင်း၊ ထို့အပြင် မီဒီယာကုမ္ပဏီများဖြစ်သည့် The Wall Street Journal၊ The Associated Press နှင့် Vox Media စသည်တို့နှင့်ပူးပေါင်း၍ အသုံးပြုသူများရှာဖွေသည့်ရလဒ်များ ပိုမိုကောင်းမွန်စေရန်လည်း ဆောင်ရွက်ထားကြောင်း Open AI မှ တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

နာမည်ကြီး AI ဖြစ်သည့် ChatGPT ကို ထုတ်လုပ်ထားသော OpenAI အဖွဲ့အစည်းက ထုတ်လုပ်လိုက်သည့် SearchGPT သည် AI နည်းပညာများအပေါ်တွင် အခြေခံထားပြီး အင်တာနက်ပေါ်ရှိ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှုနိုင်သည့် AI စွမ်းအင်ကို သုံးထားကြောင်း၊ ရှာဖွေသည့်ရလဒ်များကို ပြန်ထုတ်ပေးရာတွင်လည်း ပုံမှန်အတိုင်း ဝက်ဘ်ဆိုက်လင့်ခ်များကို ပြန်ထုတ်ပေးသည့်အစား ရှာဖွေသည့်စကားလုံးများကို AI က စုစည်း၍ နားလည်သဘောပေါက်စေရန် ကြိုးစားပြီး တွေ့ရှိချက်များကို အကျဉ်းချုံး၍ အဖြေထုတ်ပေးနိုင်ကြောင်း၊ ထို့အပြင် ရှာဖွေလိုက်သည့် ရလဒ်တစ်ခုနှင့်ပတ်သက်၍ နောက်ဆက်တွဲမေးခွန်းများလည်း မေးနိုင်ကြောင်း သိရသည်။

**ကိုစိုး၊ ကိုးကား - The Verge**

# ဒုတိယအကြိမ်မြောက် ASEAN Cyber Shield အွန်လိုင်းပညာရေးအစီအစဉ်ကို လျှောက်ထားနိုင်

**နေပြည်တော် ဇူလိုင် ၂၉**

တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအရ အွန်လိုင်းမှတစ်ဆင့် သင်ကြားပို့ချမည့် ဆိုက်ဘာလုံခြုံရေးသင်တန်းတစ်ခုဖြစ်သည့် "ASEAN Cyber Shield Online Education Program" ကို စက်တင်ဘာ ၂ ရက်မှစ၍ ၂၀၂၅ ဇန်နဝါရီ ၃၁ ရက်အထိ ပို့ချပေးမည်ဖြစ်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာနက ဇူလိုင် ၂၅ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

သင်တန်းသို့ အာဆီယံနိုင်ငံ တစ်နိုင်ငံလျှင် ကျောင်းသား ကျောင်းသူ ၁၀ ဦးစီ တက်ရောက်ရမည်ဖြစ်ပြီး ထူးချွန်သူများအနေဖြင့် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ပြုလုပ်မည့် Bootcamp သို့ ဆက်လက်တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ တက်ရောက်လိုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံသားများဖြစ်ရန်၊ ဆိုက်ဘာလုံခြုံရေး၊ ကွန်ပျူတာအင်ဂျင်နီယာ သို့မဟုတ် ၎င်းနှင့် ဆက်စပ်ဘာသာရပ်များကို တက္ကသိုလ်တွင် လက်ရှိသင်ကြားလျက်ရှိသူများဖြစ်ရန်နှင့် Network Security, System Security, Web Application Security, Forensics, Cryptography, Reversing, Vulnerability Analysis, Penetration Testing စသည့် နယ်ပယ်တစ်ခုခုနှင့် ရင်းနှီးမှုရှိသူများဖြစ်ရန် လိုအပ်ကြောင်း၊ တက်ရောက်လိုသူများအနေဖြင့် ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ အချက်အလက်များကို "https://forms.gle/QEoyGcgSLew9NY649" ဝက်ဘ်ဆိုက်လင့်ခ်ရှိပုံစံတွင် ဖြည့်သွင်းကာ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# နည်းပညာတက္ကသိုလ် ကျောင်းသား ၂၀၀ နီးပါးအတွက် လုပ်ငန်းခွင်လေ့လာရေးနှင့် သင်ကြားရေးအစီအစဉ်ကို MPT က အောင်မြင်စွာ ဆောင်ရွက်ခဲ့

**ရန်ကုန် ဇူလိုင် ၂၉**

နည်းပညာတက္ကသိုလ် ၂၁ ခုမှ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူ ၂၀၀ နီးပါးကို MPT က ၂၀၂၄ ခုနှစ် လုပ်ငန်းခွင်လေ့လာရေးနှင့် သင်ကြားရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အလုပ်သင် သင်တန်းသားအဖြစ်လက်ခံခဲ့ပြီး သက်ဆိုင်ရာ လုပ်ငန်းခွင်အတွေ့အကြုံများကို ပေးအပ်ခဲ့သည့် လုပ်ငန်းခွင်လေ့လာရေးနှင့် သင်ကြားရေးအစီအစဉ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း MPT က ဇူလိုင် ၂၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

MPT ၏ ၂၀၂၄ ခုနှစ် လုပ်ငန်းခွင် လေ့လာရေးနှင့် သင်ကြားရေးအစီအစဉ်ကို ဧပြီ၊ မေနှင့် ဇွန်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုရှိ MPT ရုံးများတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ အဆိုပါ အစီအစဉ်သို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၁ ဦး ပါဝင်လေ့လာခဲ့ပြီး ခေတ်မီကွန်ရက်စနစ်များကို စီမံခန့်ခွဲခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ လုပ်ငန်းခွင်အတွင်း လူမှုဆက်ဆံရေး အရည်အချင်းများ၊ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာသင်တန်း (HSE) နှင့် သတင်းအချက်အလက်လုံခြုံရေးတို့အပါအဝင် သက်ဆိုင်ရာလုပ်ငန်းခွင်နှင့်ဆိုင်သည့် အသိပညာများရရှိစေရန်အတွက် လက်တွေ့လုပ်ဆောင် လေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါအစီအစဉ်ကို ပညာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းအစီအစဉ်မှတစ်ဆင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဆက်သွယ်ရေးကဏ္ဍတွင် အနာဂတ်ခေါင်းဆောင်ကောင်းများအဖြစ် ဖြစ်ထွန်းလာမည့် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ကြောင်း MPT က ထုတ်ပြန်ထားသည်။

MPT မှ တာဝန်ရှိသူတစ်ဦးက "MPT အနေနဲ့ နိုင်ငံတစ်ဝန်းက နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေကို လုပ်ငန်းခွင်အရည်အသွေးနဲ့ ဆက်သွယ်ရေးဆိုင်ရာ အသိပညာတွေကို မျှဝေပေးဖို့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းခွင်လေ့လာရေးနဲ့ သင်ကြားရေးအစီအစဉ်ကို ၂၀၁၈ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီအစီအစဉ်ကနေတစ်ဆင့် ကျောင်းသား ကျောင်းသူတွေ လုပ်ငန်းခွင်ဝင်ရောက်တဲ့အခါ အဆင်သင့်ဖြစ်နေစေမှာဖြစ်ပြီး တကယ့်လုပ်ငန်းခွင်နဲ့ ထိတွေ့နိုင်ခွင့်ကိုလည်း ပေးအပ်နိုင်မယ်လို့ ယုံကြည်ထားပါတယ်" ဟု ပြောကြားသည်။



ရောဝတီတိုင်းဒေသကြီးမှ ကျောင်းသား ကျောင်းသူများ သင်ကြားရေး အစီအစဉ်တွင် လေ့လာသင်ယူနေစဉ်။

MPT အနေဖြင့် မျိုးဆက်သစ်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အီလက်ထရွန်နစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းအစီအစဉ် https://csrelearning.mpt.com.mm/ မှတစ်ဆင့် မြန်မာနိုင်ငံရှိ ပညာသင်ကြားလိုသူ လူငယ်များ ဒေတာကုန်ကျစရိတ်နှင့် သင်တန်းကြေး ပေးရန်မလိုဘဲ အခမဲ့လေ့လာသင်ယူနိုင်မည့် ပညာရေးအစီအစဉ်ကိုလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/ ၂၀၂၄)သို့တက်ရောက်

**ထားဝယ် ဇူလိုင် ၂၉**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၂၄) ကို ယနေ့ နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာပြုစုထုတ်ပြန်ခြင်း စသည့် လုပ်ငန်းစဉ် (၄) ရပ်နှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် နှစ်လခန့်သာ ကျန်ရှိသောကြောင့် ယခုကတည်းကစ၍ အစစအရာရာ အသေးစိတ်ကြိုတင်ပြင်ဆင်ထားရှိမှသာ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သန်းခေါင်စာရင်းကို နိုင်ငံတကာ အကူအညီ မပါရှိဘဲ မိမိတို့ အင်အားဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွေးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တက်ရောက်လာသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# သီပေါမြို့နယ် ကြက်ခြေနီအသင်းနှင့် လူမှုကူညီရေးအဖွဲ့များက ဆန်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

**သီပေါ ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အေးချမ်းတည်ငြိမ်မှု မရှိသေးသော ဒေသမှပြောင်းရွှေ့လာသည့် ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်အရှင်သူမြတ်များနှင့် နောက်ကပ်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခိုလှုံနေကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများကို ကျန်းမာပြီး ကြံ့ကြံ့ခံနိုင်သော ရပ်ရွာလူထုဖြစ်စေရေးအစီအစဉ်အရ မြို့နယ်ကြက်ခြေနီအသင်းမှ ယနေ့နံနက်ပိုင်းတွင် လူသားချင်းဆိုင်ရာ စာနာထောက်ထားမှု အကူအညီများကို ကျေးရွာ အရောက် ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များသည် သာသနာ ၂၅၀၀ တိုက်သစ်မှ သံဃာ ၂၇ ပါး၊ မြရွှေဂူကျောင်းတိုက်မှ သံဃာ အပါး ၆၀၊ ခန္တီရာမစာသင်တိုက်မှ သံဃာ အပါး ၅၀၊ ရေဟော်ကျောင်းတိုက်မှ သံဃာအပါး ၆၀ တို့နှင့် စံဖိတ်၊ တုံစင့်၊ နောင်အန်၊ ပန်၊ တိမ်တောင်ကျေးရွာများမှ ဒေသခံ အိမ်ထောင်စု ၇၀ တို့နှင့် သံဃာတော်အရှင်သူမြတ် ၁၉၆ ပါး၊ ဒေသခံ ပြည်သူ ၂၁၅ ဦးတို့ကို တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများဖြစ်သည့် သွားတိုက်ဆေး၊ သွားပွတ်တံ၊ ကိုယ်တိုက်ဆပ်ပြာခဲနှင့် ခါတ်ဆားထုပ်များကို သွားရောက်ကူညီပံ့ပိုးပေးသည်။

ထို့ပြင် နယ်စည်းမခြား ပရဟိတ ဦးမျိုးမြင့်လွင်နှင့်အဖွဲ့က စားသုံးရန် ဆန်၊ ဆီ၊ ဟင်းချက်စရာများ၊ နန်းမွမ်းမွမ်းပေါင်းနှင့် လူမှုကူညီရေးအဖွဲ့ကလည်း ဆန်၊ ဆီနှင့် အခြားလိုအပ်သည်များကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

# ဘိုကလေးမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**ဘိုကလေး ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပိုက်စလပ်ကျေးရွာအုပ်စုတွင် ဇူလိုင် ၂၇ ရက်မှ စတင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘိုကလေးမြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးရန်ရှိသူများကို ပန်းခင်းစီမံချက် (၃) အရ ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၏ လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူး ဦးဇင်မင်းအောင်နှင့်အဖွဲ့က ကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူများကို ပြုလုပ် ဆောင်ရွက်ပေးခြင်းအပြင် ကျေးရွာအုပ်စုတွင်းရှိ အိမ်ထောင်စုဆိုင်ရာ အချက်အလက်များအား စစ်ဆေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် နံပါတ်များ ဖြည့်သွင်းခြင်း၊ သေဆုံးသူများ၏ အမည်စာရင်းများကို မှတ်ချက်ပြုခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

# မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၅ ကျပ် | ၂၄၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၇၀ ကျပ် | ၂၈၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၃၀ ကျပ် | ၂၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၅၀ ကျပ် | ၂၈၃၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၈၉၀၀ | ၃၄၈ | ၃၁၀၀၂၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၂၀၆၁၅ | ၇၂၆၅၂၅၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁ | ၈၄၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၃၃၇၃ | ၅၇၃၄၁၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၅၁ | ၁၄၂၈၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၉၄၀ | ၁၆၄၅၀၀၀ |
| AMATA | ၄၈၀၀ | ၄၈၀၀ | ၈ | ၃၈၄၀၀ |
| MAEX | ၃၄၅၀ | ၃၅၀၀ | ၂၇၆၄ | ၉၅၅၉၂၅၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Reconditioned Sewing Machines နှစ်လုံးအပါအဝင် ကုန်ပစ္စည်း ၂၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၀၆၀၀၀)ကို လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းနိုင်ငံသို့ ထွက်ခွာမည့် ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်တင်ပို့ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရွှေဟုယူဆရသော ၁၀ ကျပ်သားခန့်ရှိ လက်ကောက်ခြောက်ကွင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော အီတလီနိုင်ငံနှင့် ပြင်သစ်နိုင်ငံထုတ် လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် Toothed Wheel နှစ်ခု၊ CVMOT2-CVMOT3 Card Replacement နှစ်ခု၊ Kit Maint E-V တစ်ခု၊ Bearing အခု ၂၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀) ကို လည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မောတောင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် My Boy နို့ဆီနှင့် နို့စိမ်းဘူး ၃၁၉၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၃၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chenglong Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၇၃၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

### ဖမ်းဆီးရမိ

ထို့အပြင် ဇူလိုင် ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် သဲကောကျေးရွာအနီး၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၉၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၁၂၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်

ထို့အပြင် ဇူလိုင် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆိုစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူ ၁၂ ကီလိုဂရမ်ပါ အိတ် ၆၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော တရုတ်နိုင်ငံထုတ် ကြက်ဖင်စီဘူး ၃၉၉၆ ထုပ်အပါအဝင် စားသောက်ကုန်ပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၁၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### ဖမ်းဆီးရမိမှု အမှုတွဲ ၁၅ မှု

သို့ဖြစ်ပါ၍ ဇူလိုင် ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၂၇၅၆၁၂၀)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် ပြည်သူများ ဘေးလွတ်ရာသို့ပြောင်းရွှေ့

**ပေါင် ဇူလိုင် ၂၉**

ပေါင်မြို့နယ်၌ ဇူလိုင် ၂၈ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်း၍ သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် လက်ပံကျွန်းကျေးရွာ အနိမ့်ပိုင်း၌ ရေဝင်သဖြင့် အိမ်ထောင်စု ၇၉ စုတို့မှ လူဦးရေ စုစုပေါင်း ၂၇၀ တို့ကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့က အမြင့်ပိုင်းတွင်ရှိသော လက်ပံကျွန်းဘုန်းကြီးကျောင်းသို့ ခေတ္တယာယီပြောင်းရွှေ့နေရာချပေးထားပြီး စားသောက်မှုအဆင်ပြေစေရေးအတွက် စီစဉ်ချက်ပြုတ်ကျွေးမွေးစောင့်ရှောက်မှုပေးထားသည်။

အဆိုပါ ယာယီပြောင်းရွှေ့ နေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

# မြစ်ရေကြီးမှုအခြေအနေများ

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြု

**နေပြည်တော် ဇူလိုင် ၂၉**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ) အထက်သို့ တစ်လက်မခန့် (၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲကျော်ခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ခုနစ်ပေခန့် (၂၀၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ လေးပေခန့် (၁၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အထက်သို့ လေးပေခန့် (၁၂၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ခြောက်ပေခွဲခန့် (၁၉၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဝေါန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲကျော်ခန့် (၈၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ နှစ်ပေကျော်ခန့် (၆၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁ ဒသမ ၄၈ ပေ (၃၅၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၃ ဒသမ ၅၃ ပေ (၁၀၂၂ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဟသ်ာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ ဘီးလင်းမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများအတွက် သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဆေးဝါးများ တိုက်ရိုက်ရောင်းချ



ရန်ကုန် ဇူလိုင် ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ညွှန်ကြားမှု၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းက ဦးဆောင်၍ အသင်းဝင်ပြည်တွင်းဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများအတွက် သင့်တင့်မျှတသောဈေးနှုန်းဖြင့် အဆင်ပြေဝယ်ယူနိုင်ရန် ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲအမှတ်(၂)အရောင်းစင်တာ (နဝဒေး)ကို ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ နဝဒေးရုပ်ရှင်ရုံဝင်း မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနအဆောက်အအုံ၌ ပြုလုပ်သည်။

"အဓိက ရည်ရွယ်ချက်ကတော့ သုံးစွဲသူပြည်သူတွေ ဆေးဝါးရှာဖွေရတာ ပိုမိုလွယ်ကူအောင်ရယ်။ တစ်နေရာတည်းမှာ တစ်ပေါင်းတစ်စည်းတည်း ကုမ္ပဏီတွေအများကြီးကနေ ရောင်းချတဲ့အတွက်ကြောင့် သူတို့လိုချင်တဲ့ဆေးတွေအကုန်နီးပါးရရှိစေဖို့၊ လွယ်ကူစေဖို့ ခင်းကျင်းပြသရောင်းချတာဖြစ်ပါတယ်။ လိုအပ်ချက်အပေါ်မူတည်ပြီးတော့ ရန်ကုန်မြို့ပေါ်မှာလည်း အရောင်းစင်တာတွေ ထပ်မံတိုးချဲ့ဖို့နဲ့ တခြားသောတိုင်းဒေသကြီး၊ ပြည်နယ်တွေမှာလည်း ပြည်သူတွေရဲ့ လိုအပ်ချက်ပေါ်မူတည်ပြီးတော့ ဆက်လက်ခင်းကျင်းပြသရောင်းချသွားဖို့ အစီအစဉ်ရှိပါတယ်" ဟု မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးဇေယျာဖြိုးက ပြောသည်။

အဆိုပါ ဆေးဝါးများတိုက်ရိုက်ရောင်းချပွဲ အမှတ်(၂)အရောင်းစင်တာကို ယနေ့ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၃ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ ဆေးဝါးများတိုက်ရိုက်ရောင်းချပွဲအမှတ် (၁)အရောင်းစင်တာကို ပန်းဘဲတန်းမြို့နယ်တွင် ဆေးကုမ္ပဏီ ၁၀၀ ဝန်းကျင်က ပါဝင်ပြရောင်းချလျက်ရှိပြီး အမှတ်(၃)အရောင်းစင်တာကိုလည်း ပဲခူးမြို့ ဥဿာသီရိဈေးအပေါ်ထပ်တွင် ယနေ့မှစတင်ဖွင့်လှစ်ပြသရောင်းချလျက်ရှိကြောင်း သိရသည်။

အာကာလင်း

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/3715 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

ဦးဝင်းနိုင် ၏သမီး ကျွန်မ မမျိုးသီရိခိုင် ၇/တငန(နိုင်)၂၀၄၈၄၅ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၉၆၄ ၃၆၇ ၈၈၉

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ ရေအိုးစင်ရပ်ကွက်နေ ဦးစိန်လှမောင်၏ သား မောင်သက်စိုးကိုကို ၈/ခမန(နိုင်) ၁၀၂၉၅၇ ၏ နိုင်ငံကူးလက်မှတ် အမှတ် MG -939416 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၅၅၁၅၆၁

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂/ချင်းတွင်းအနောက်ရပ်၊ မြေရေိယာ (၀.၁၁၉)ရှိ မြေကွက်အမှတ်(ပ-၂၃၃၃၉) ကို အမည်ပေါက် ဦးနေမင်းစိုး(ဘ)ဦးကျော်စိုး ၉/ပမန(နိုင်)၀၀၂၇၄၃မှ ဦးကျော်သန့်ဇင် (ဘ)ဦးတင်ဝင်း ၅/မရန(နိုင်)၁၃၆၄၈၂နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 8K/1704, Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဌေး ၈/ပဖန(နိုင်)၀၅၂၃၆၆ က ကမ-၃ ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄စယ/၄၂၉၆၃, Dayang-125 ယာဉ်လက်ဝယ်ရှိသူ Autumn Flower Co;ltd က ကမ-၃ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး(မကွေး)

# ဧရာဝတီတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးစရိတ်ထုတ်ပေး

သာပေါင်း ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ခွေးကုတ်ပီလောပီနံ စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းသို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမအသင်းသားတောင်သူ ၁၄ ဦးကို စိုက်ဧက ၁၀၀ အတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ပံ့ပိုးငွေကျပ်သိန်း၂၀၀ ကို ဒုတိယအကြိမ် စိုက်ပျိုးစရိတ်ပံ့ပိုးငွေများ ပေးအပ်ကြောင်း သိရသည်။ သတင်းစဉ်



# ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရန် ကျားဖောင်ပေါ်သို့ ပို့ဆောင်၍ အဓမ္မခိုင်းစေပြီး လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နေ အောင်ဇော်ဦး (ခ)ကြွက်နီနှင့် မြောင်းမြမြို့နေ ဇော်နိုင်တို့က လပွတ္တာမြို့နယ်နေ ဦး -----၊ ၃၄/၂၀၂၃ နှစ်အား မြောင်းမြမြို့ရှိ ပေါင်မုန့်စက်ရုံတွင် အလုပ်အပ်ပေးမည်ဟု လိမ်လည်ပြောဆိုကာ ဖျာပုံမြို့နယ် နောက်မီးကျေးရွာမှ လူဝကြီး (ခ) သန်းနိုင် ထံတွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ရန် ကျားဖောင်ပေါ်သို့ ပို့ဆောင်ပြီး လုပ်အားခငွေကျပ် ၇၅၀၀၀၀ အား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကန်ဘက်နယ်မြေရဲစခန်း(ပ) ၇၃/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ရာ လပွတ္တာခရိုင်တရားရုံးက ယနေ့တွင် တရားခံ အောင်ဇော်ဦး (ခ)ကြွက်နီနှင့် ဇော်နိုင်တို့ နှစ်ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင် ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Nge Lay" Facebookအကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ(အနောက်)ရပ်ကွက်နေ နန္ဒာလွင်(ခ)အငယ်လေးအား ညနေ ၅ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "Htet Htet Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မိတ္ထီလာမြို့နယ် အောင်ဇေယျာရပ်ကွက်နေ ထက်ထက်အောင်အား ညနေ ၆ နာရီ ၁၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေ နှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်းသိရသည်။ သတင်းစဉ်

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေကူရပ်ကွက်၊ လမ်းရှည်လမ်း၊ အမှတ်(၃၆)နေ ဒေါ်တင်မိုးဝေ (ဘ) ဦးမင်းဟန် ၇/ပမန(နိုင်) ၀၀၃၆၂၃ သည် ဒေါ်ဇင်မာအေး(ဘ) ဦးအေးသောင်း ၇/သကန(နိုင်) ၁၁၅၄၅၇အား(၃-၂-၂၀၂၃) ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်စာချုပ်အမှတ် ၀၃၁/၂၀၂၃ ဖြင့် လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါတွင် ကျွန်မ ဒေါ်တင်မိုးဝေ၏ ကိုယ်စားဒေါ် ဇင်မာအေးအား မည်သည့်ကိစ္စအရပ်ရပ်ကိုမျှ ဆက်လက်ဆောင်ရွက်လိုသည့် ဆန္ဒမရှိတော့ခြင်းကြောင့် ကျွန်မသည် ဒေါ်ဇင်မာအေးထံသို့ လွှဲအပ်ပေးထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်စာချုပ်အမှတ် ၀၃၁/၂၀၂၃ အား အပြီးအပိုင်ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်မိုးဝေ ၇/ပမန(နိုင်) ၀၀၃၆၂၃
အမှတ်(၃၆)၊ လမ်းရှည်လမ်း၊ ရွှေကူရပ်ကွက်၊ ပြည်မြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ္တော်ရပ်ကွက်၊ အကွက်အမှတ် ၄၁၆-ဃ၊ ဦးပိုင်အမှတ် ၇၁-အ-၉/၉X၁၀လမ်းကြား၊ ၇၅လမ်းရှိ ဒေါ်ဆွေဆွေသန်း အမည်ပေါက် ဂရန်မြေကွက်အား အောင်မြေသာစံခရိုင်တရားရုံး တရားမဇာရီမှုအမှတ် ၁၂/၂၀၂၂ တရားမကြီးမှုအမှတ် ၂၂၀/၂၀၁၁၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်းဥပဒေ ၃၅အရ အနိုင်ဒီကရီရရှိသူများဖြစ်သော ဦးကိုကိုထွန်း၊ ဒေါ်ခင်သီတာထွန်း၊ ဦးညီညီထွန်း၊ ဦးကျော်စွာထွန်း(ကိုယ်တိုင်နှင့် ဦးညီညီထွန်း၏ကိုယ်စားလှယ်ရရှိသူ) ဦးအားဖူ (ဒေါ်ဆွေဆွေသန်း၏ကိုယ်စားလှယ်)တို့အနက် ဇနီးဒေါ်ဆွေဆွေသန်း ကွယ်လွန်၍ ကျန်ရစ်သူခင်ပွန်း ဦးအားဖူ ၁၃/လရန(နိုင်)၀၆၁၁၀၆က ဂရန်စာချုပ်၊ တရားရုံးအမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/75509 ယာဉ်လက်ဝယ်ရှိသူ ဦးအာကာစိုးမြင့် ၇/တငန(နိုင်)၂၄၀၉၉၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ခရိုင်ပညာရေးမှူးရုံးမှ ဒု-ဦးစီးမှူး ဒေါ်စန်းစန်းဝင်း ၈/သရန(နိုင်) ၀၄၁၁၅၆ ၏ ဖခင် ဦးစိန်ထွန်း (ခ) ဦးချစ်မောင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက(ညောင်ကျိုး) Grade-11 မှ မသော်ဇင်လင်း ၏ ဖခင်အမည်မှန်မှာ ဦးဆန်းလင်းထွန်း ၁၄/အဂပ(နိုင်)၁၃၀၂၅၉ ဖြစ်ပါကြောင်း။

ဦးဆန်းလင်းထွန်း

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၁၅-၈-၂၀၂၄ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ အောက်ဖော်ပြပါနေရာများတွင် အရန်သင့်အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများရောင်းချရန်အတွက် နေရာငှားရမ်းဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

(က) ပင်မဆောင်မြေညီထပ် ၂၉'x၁၇'၆" အကျယ်ရှိ အခန်းနေရာ

(ခ) လမ်းမတော်လမ်း ဝင်ပေါက်အနီးရှိ ၂၅'x၁၆' အကျယ်ရှိသည့်မြေနေရာ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက် - ၂၉-၇-၂၀၂၄ရက် (တနင်္လာနေ့)

အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့်နေ့ရက်/အချိန် - ၁၂-၈-၂၀၂၄ရက်(တနင်္လာနေ့) (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**ပြင်ဦးလွင်မြို့နယ် တရားရုံးတော်**
**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅**

ဦးအောင်မွန် နှင့် ဦးသိန်းမြင့်
တရားလို တရားပြိုင်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ ဒုဋ္ဌဝတီလမ်း၊ ဇ-ရပ်ကွက်နေ တရားပြိုင် ဦးသိန်းမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ရက်(၁၃၈၆ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း၊ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(မိုးမိုးအေး)**

**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/8738, TOYOTA Succeed (NPL), Station Wagon ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးခိုင် ၁/မညန(နိုင်)၀၈၅၇၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သိမ်ဇရပ်မြို့၊ သာယာကုန်းရပ်ကွက်၊ ဝါးဘိုးတန်းလမ်းနေ (ဦးကြည်စိုး)-ဒေါ်ဝါဝါအောင် ၁၀/ကထန(နိုင်) ၀၈၉၇၇၆ တို့၏သား မောင်ကျော်သူရစိုး ၁၀/ကထန(နိုင်) ၁၅၃၀၈၅သည် မိဘများ၏ ဆိုဆုံးမမှုများကို လက်မခံသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင်ကျော်သူရစိုးနှင့် ပတ်သက်သည့် ကိစ္စအဝဝသည် မိသားစုနှင့် မသက်ဆိုင်ကြောင်း အတိအလင်းကြေညာအပ်ပါသည်။

(စုံစမ်းခြင်း၊ မေးမြန်းခြင်း၊ ကြားဝင်စေ့စပ်ခြင်း)သည်းခံပါ။

**မိခင်ဖြစ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွဋ်ထွဋ်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၁၁၀၃)**
**ဝါးဘိုးတန်းလမ်း၊ သာယာကုန်းရပ်ကွက်၊ သိမ်ဇရပ်မြို့၊ မွန်ပြည်နယ်**

---

## ငြင်းချက်ထုတ်ရန် ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)**
**မော်လမြိုင်ခရိုင်တရားရုံးတော်၌**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇၁**

ဦးအစ်သာရ်ဟူစိန်(ခ)ဦးစိုးနိုင် နှင့်
၁။ ဦးအရှာရလ်အလီ
၂။ မွန်သာရ်ဟူစိန်
၃။ ဒေါ်ခတီဇာဘီ
၄။ ဦးအကာခ်ဟူစိန်
၅။ ဦးအီထက်
၆။ ဦးအဗ္ဗဒူလ်ဂျာဘာ(ခ)A ဂျဘာရ်
၇။ ဒေါ်သန်းသန်းဝင်း
၈။ ဦးဟာမွတ်အာလံ
၉။ ဦးအီစမိုင်
၁၀။ ဒေါ်ဆိုင်ဒါဘီ
၁၁။မောင်မောင်(ခ)ကိုမောင်မောင်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)အနော်မာရပ်ကွက်၊ အရှေ့(၆)လမ်း၊ အမှတ်(၂၅၆)နှင့် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၊ အမှတ် (၄/၁၀၃)နေ အမှတ်(၁၁) တရားပြိုင် မောင်မောင်(ခ) ကိုမောင်မောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအစ်သာရ်ဟူစိန်(ခ)ဦးစိုးနိုင်က အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍၊ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၂ရက်(၁၃၈၆ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ(၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စမ်းသီတာအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

---

## ပတ်စ်ပို့ပျောက်

(ဘ)ဦးမြင့်စိုး၏ သမီး မမေသူဇော် ၁၂/ဒဂရ(နိုင်)၀၂၅၈၆၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-510245)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၈၃၅၇၉၆၃**

---

## အမည်မှန်

